မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၄)၊ အမှတ်(၁၀၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အမျိုးသားညီလာခံ၏ ဦးတည်ချက်များသည် လက်ရှိမြန်မာနိုင်ငံ၏ပကတိအခြေအနေများနှင့် ကိုက်ညီ

အမျိုးသားညီလာခံကြီးသည် လူပုဂ္ဂိုလ်တစ်ဦးနှစ်ဦး၊ အဖွဲ့အစည်း တစ်ခုနှစ်ခုနှင့် ညှိနှိုင်းဆွေးနွေးခြင်းမျိုးမဟုတ်

အစုအဖွဲ့ (၈)ဖွဲ့မှ ကိုယ်စားလှယ်များ လေးနက်ကျယ်ပြန့်သည့် တွေ့ဆုံဆွေးနွေးပွဲဖြစ်

အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင်ဆောင်ရွက်ပြီးပါက

ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမည်

အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးကို ယနေ့နံနက် ၇ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လူထုအစည်းအဝေးကြီးသို့ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကရင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြိုင်ကြီးငူအထူးဒေသ၊ ဘုရားကုန်းငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ သံတောင်(တောင်)(မြောက်) ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ *စာမျက်နှာ ၇ ကော်လံ ၁* ✡

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်ရေး အမျိုးသားညီလာခံကြီး အောင်မြင်အောင် လက်တွဲဆောင်ရွက်

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူခဲ့ရချိန်မှစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးဟူသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို ချမှတ်ကာ အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ရသည့်အချိန်က နိုင်ငံတော်၌ မင်းမဲ့စရိုက်များဖြစ်ပေါ်နေပြီး အဘက်ဘက်က အင်အားချည့်နဲ့လျက်ရှိသည်။

မိဘပြည်သူများ၏ဆန္ဒအရ ခိုင်မာသည့် ဒီမိုကရေစီနိုင်ငံထူထောင်ရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုသည် မူလအရင်းခံ လိုအပ်ချက်ဖြစ်သည်။

ထို့အတူပင် နိုင်ငံသားများအနေဖြင့် ဝနေအင်အားပြည့်စုံပြီး ပညာရည်မြင့်မားလာရန်လည်း လိုအပ်သည်။

ထို့ကြောင့် တပ်မတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစွာ ဆောင်ရွက်ပေးခဲ့သည်။ တစ်ဆက်တည်းမှာပင် နိုင်ငံတော်၏ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများကို မြှင့်တင်နိုင်ရန်အတွက် ဦးတည်ချက် (၁၂)ရပ်ကိုချမှတ်ပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးစီးပြီး ဆောင်ရွက်ခဲ့သည်။

ထို့အတူ နိုင်ငံတစ်ဝန်းလုံး တစ်ချိန်တည်းတစ်ပြိုင်တည်း၊ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခုကိုသတ်မှတ်ပြီး ဒေသ၏စီးပွားရေး ဖွံ့ဖြိုးစေရေးနှင့် ပြည်သူများ၏ ကျန်းမာရေးနှင့် ပညာရည်မြင့်မားစေရေး ဆောင်ရွက်ပေးခဲ့သည်။

ထို့မျှမက နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းသော နိုင်ငံသားအများစုနေထိုင်သည့် ကျေးလက်ဒေသများဖွံ့ဖြိုး တိုးတက်မှသာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ချမှတ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီးပွားရေးနှင့် လူမှုရေးအခြေခံအဆောက်အအုံများကို နေရာတိုင်း၊ ဒေသတိုင်း၌ အစုအဖွဲ့အလိုက် တည်ဆောက်ပေးလျက်ရှိသည်။

ထို့ကြောင့်လည်း တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးနှင့် ဝန်ဆောင်မှုတန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ် မျှော်မှန်းလျာထားချက်ထက် သာလွန်တိုးတက်ခဲ့သည်ကို တွေ့ရသည်။ လူတစ်ဦးချင်း တစ်နှစ်ဝင်ငွေသည်လည်း တပ်မတော်အစိုးရ တာဝန်မယူမီအချိန်ကထက် အဆပေါင်းများစွာ မြင့်မားလာခဲ့သည်။ နိုင်ငံသားများ၏ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းများသည်လည်း သိသိသာသာ တိုးတက်လာခဲ့ပြီဖြစ်သည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ကောင်းမွန်သည့် အနာဂတ်အတွက် စနစ်တကျ ဆောင်ရွက်နေခြင်းဖြစ်သည်။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက် ရှိနေပြီဖြစ်သည်။

ယခုအခါ တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ပါဝင်သည့် ၅၄သန်းကျော်သော တိုင်းရင်းသားပြည်သူများ၏ ကိုယ်စားလှယ်များဖြင့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြသည်။ အလုပ်သမားကိုယ်စားလှယ်များနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များလည်း ပါဝင်သကဲ့သို့ ကိုယ်ပိုင်မူဝါဒရှိပြီး စိတ်ရင်းမှန်သည့် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များနှင့် ရွေးချယ်ခံကိုယ်စားလှယ် များလည်း တက်ရောက်လျက်ရှိကြသည်။ ယခုအခါ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ စည်းလုံးညီညွတ်စွာ ဆက်လက်ချီတက်လျက် ရှိနေကြပေသည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာစေရန် အမျိုးသားညီလာခံကြီး အောင်မြင်ရေး ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၂-၁-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀ ၈။ မျိုးချစ်တပ်မတော်
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း-၂)
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တစ်ခန်းရပ်ချစ်ပုံပြင်"** (အပိုင်း-၂၄)ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြဝတီရဲ့ မြဝတီ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၉)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရောဝတီတိုင်း ခြံစည်းရိုးကြက်ဆူပျိုးထောင်ခြင်းနှင့် ပျိုးပင်၊ ပျိုးကိုင်းမျိုးစေ့ဖြန့်ဝေခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၅-၂၀၀၆ ခုနှစ် ဧရာဝတီတိုင်း ခြံစည်းရိုးကြက်ဆူပျိုးထောင်ခြင်းနှင့် ပျိုးပင်၊ ပျိုးကိုင်း၊ မျိုးစေ့ဖြန့်ဝေခြင်း အခမ်းအနားကို ဇန်နဝါရီ၅ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ပုသိမ်မြို့ ကန်သာယာသစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်းအတွင်း ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ ကုန်ကျစရိတ်သက်သာစွာဖြင့် ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်ရေး၊ မြို့နယ်အလိုက် သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးဝေက ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးရရှိမှု စနစ်များအားလည်းကောင်း၊ တိုင်း စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်က လယ်ယာသုံး စက်ကိရိယာများတွင် ခြံစည်းရိုး ကြက်ဆူပင် အသုံးပြုပုံများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

၎င်းနောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး၊ တက်ရောက်လာကြသူများမှ ရှင်းလင်းဆောင်ရွေ့တွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများနှင့် မျိုးစေ့များ၊ ဘိုင်အိုဒီဇယ် ကြက်ဆူဆီနမူနာများအား လေ့လာကြသည်။ တိုင်းမှူးနှင့်ဇနီးတို့က အသင့်ပြုလုပ်ထားသော ပျိုးအိတ်အတွင်းကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို စတင်စိုက်ပျိုးပေးကြသည်**(အပေါ်ပုံ)**နှင့် တစ်ပြိုင်နက် တက်ရောက်ကြသူများက ပျိုးခြံအတွင်း သတ်မှတ်နေရာအလိုက် မျိုးစေ့နှင့် ပျိုးကိုင်းများ စိုက်ပျိုးနေမှုကို တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးခဲ့သည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်အရှေ့ လမ်းမတွင် ကြက်ဆူစေ့အား စက်ဖြင့်ကြိတ်၍ ရရှိလာသော ကြက်ဆူဆီများဖြင့် လယ်ယာ၊ ၁၆ လက်တွန်းထွန်စက်၊ စပါးရိတ်စက်များ မောင်းနှင်ပြသမှုအားလည်းကောင်း၊ ရေတင်စက်များ မောင်းနှင်၍ ရေတင်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း နေရာအလိုက် ကြည့်ရှုအားပေးခဲ့သည်။

ဖြန့်ဝေပေး

ထို့နောက် တိုင်းမှူးသည် ခြံစည်းရိုး ကြက်ဆူရင်းမျိုးစေ့နှင့် ပျိုးကိုင်းများအား အခမ်းအနားသို့တက်ရောက်လာကြသည့် တပ်ရင်းတပ်ဖွဲ့ ကိုယ်စားလှယ်များ၊ မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများထံသို့ လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဒေသခံ တောင်သူများထံသို့လည်းကောင်း အသီးသီး ဖြန့်ဝေပေးသည်။

ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၆ ခုနှစ်မှ စတင်၍ ခြံစည်းရိုး ကြက်ဆူအား ပထမအဆင့် ဧက ၂၇၀၀၊ ၂၀၀၇ ခုနှစ်တွင် ဒုတိယအဆင့်ဧက ၉၈၀၀၀ နှင့် ၂၀၀၈ ခုနှစ်တွင် ဧကငါးသိန်းအထိ ပြည့်မီအောင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အနောက်တောင်တိုင်း စစ်ဌာနချုပ်တွင် ပြုလုပ်သည့် ခြံစည်းရိုး ကြက်ဆူကိုင်းပင်များ စုပေါင်းစိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးသည်။

စုပေါင်းစိုက်ပျိုး

ရှေးဦးစွာ တိုင်းမှူးနှင့်ဇနီးတို့က ဦးဆောင်၍ ကြက်ဆူပင်အား သတ်မှတ်နေရာတွင် စတင်စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများက ပျိုးပင် ၄၀၀၀အား စုပေါင်းစိုက်ပျိုးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ခရိုင်ငါးခရိုင်မှ ခရိုင်ဥက္ကဋ္ဌများ၊ မြို့နယ် ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များအား တွေ့ဆုံပြီး ဧရာဝတီတိုင်းအတွင်း ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးမည့် အစီအစဉ်များ၊ မျိုးရရှိရေးနည်းလမ်းများနှင့် စိုက်ပျိုးပြီး စိုက်ခင်းများအတွင်း ကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးရေး၊ သုံး နှစ်အတွင်း ဧကငါးသိန်း ပြည့်မီကျော်လွန်ရေးကိစ္စများ အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စောလွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမည့် နေရာစစ်ဆေး အမျိုးအစားကောင်းမွန်သည့် မျိုးစေ့များရွေးချယ်စိုက်ပျိုးရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၇ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း မြိုင်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမည့်နေရာသို့ ရောက်ရှိရာ ရှေးဦးစွာ ရှင်းလင်းဆောင်၍ တာဝန်ရှိသူများက မြေနေရာရွေးချယ်ပြုပြင်မှုအခြေအနေ၊ မျိုးစေ့များနှင့် ကိုင်းဆက်များ စုဆောင်းဖြည့်ဆည်းထားရှိမှုအခြေအနေကို အသီးသီးရှင်းလင်းတင်ပြကြသည်။

စီမံဆောင်ရွက်

ဝန်ကြီးက ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးရာတွင် အမျိုးအစားကောင်းမွန်သည့်မျိုးစေ့များကို ရွေးချယ်စိုက်ပျိုးရန်၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရန်၊သတ်မှတ်စိုက်ဧက အပြည့်အဝ စိုက်ပျိုးရေးအတွက်စီမံဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်မှုများနှင့် စိုက်ပျိုးမည့် မြေနေရာ ရွေးချယ်ပြုပြင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

သတ်မှတ်ပေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြိုင်မြို့နယ်အတွင်း မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ စက်ပစ္စည်းစက်ရုံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေး၍ စက်ရုံသစ်များ တည်ဆောက်ရန်မြေနေရာများကို သတ်မှတ်ပေးပြီး လစ်လပ်သည့် မြေနေရာများတွင် ခြံစည်းရိုး ကြက်ဆူပင်များစိုက်ပျိုးရန်၊ စက်သုံးဆီများကို လေလွင့်မှုမရှိအောင် သုံးစွဲရန်မှာကြားသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဇန်နဝါရီ ၈ ရက်တွင် မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (မိတ္ထီလာဘဏ်ခွဲ)သို့ ရောက်ရှိပြီး ဘဏ်လုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ပေး

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဇန်နဝါရီ ၉ ရက်တွင် မန္တလေးတိုင်းရှိ စက်မှုသင်တန်းကျောင်း (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ပြီးသင်တန်းကျောင်းအဆောက်အအုံကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် တည်ဆောက်ရေး၊ သင်တန်းကျောင်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများ အချိန်မီရရှိစေရန် စီမံဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို မှာကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြွံ့ခိုင်မှုရှိစေရေး

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း၏ ယာဉ်ပြင်အလုပ်ရုံ(၁)သို့ရောက်ရှိပြီး အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စက်မှုဇုန်များထုတ်လုပ်သည့်မော်တော်ယာဉ်များကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ တိကျစွာစစ်ဆေးရန်၊ စစ်ဆေးသည့် စက်ကိရိယာများ ကြံ့ခိုင်မှု ရှိစေရေးအတွက် ပုံမှန်စစ်ဆေးပြုပြင်ရန် မှာကြားသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (မန္တလေးဘဏ်ခွဲ)သို့ရောက်ရှိရာ ဘဏ်ခွဲအစည်းအဝေးခန်း၌ တာဝန်ရှိသူများက မန္တလေးဘဏ်ခွဲ၏ ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှု၊ ဝင်ငွေနှင့် အသုံးစရိတ်များ၊ အမြတ်ငွေရရှိမှု၊ စက်မှုလုပ်ငန်းရှင်များအား ချေးငွေထုတ်ပေးမှု၊ ချေးငွေပြန်လည်ကောက်ခံရရှိမှုနှင့် ဘဏ်ငွေလွှဲ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တိုးချဲ့ဆောင်ရွက်

ဘဏ်ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က မုံရွာမြို့တွင်ဘဏ်ခွဲဖွင့်လှစ်ရေးအတွက် စီစဉ်ဆောင်ရွက်ရေး၊ ဘဏ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ လုံခြုံမှုရှိရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ✻ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✻ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
- ✻ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ✻ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ်(၃၀)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



ခြံစည်းရိုးကြက်ဆူပင်အောင်မြင်ဖြစ်ထွန်းစေရန်အတွက် သတိပြုရန်အချက်များအကြံပြုနှိုးဆော်ချက်

မြန်မာနိုင်ငံအနှံ့အပြားတွင် စက်သုံးဆီဖူလုံရေးအတွက် ဘိုင်အိုဒီဇယ် ထုတ်လုပ်ရန် ခြံစည်းရိုး ကြက်ဆူပင်များအား အစေ့မှသော်လည်းကောင်း၊ အကိုင်းမှသော်လည်းကောင်း စိုက်ပျိုးလျက်ရှိကြပါသည်။စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုး ကြက်ဆူပင်များအောင်မြင်ဖြစ်ထွန်းရန်လိုအပ်ပါသည်။

၁။ ခြံစည်းရိုး ကြက်ဆူပင်၏ ပင်စည်နှင့်အကိုင်းများသည် အခေါင်းရှိသဖြင့် မိုးကာလတွင် ကိုင်းဖြတ်ခေါင်နှိမ်မှုပြုပါက အပင်၏ ရှင်သန်မှုကိုထိခိုက်နိုင်ပါသည်။ မိုးရွာသွန်းမှု မရှိတော့သဖြင့် မိုးနှောင်းကာလတွင်သာ ကိုင်းဖြတ် ခေါင်နှိမ်မှု ပြုသင့်ပါသည်။

၂။ ခြံစည်းရိုးအဖြစ် စိုက်ပျိုးထားသော ခြံစည်းရိုး ကြက်ဆူပင်များအား မိုးနှောင်းကာလတွင် ကိုင်းဖြတ်လေ့ရှိကြပါသည်။ ကိုင်းဖြတ်တောက်ရာတွင် အပွင့်အသီးများရှိနေသော ကိုင်းဖြတ်ခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

၃။ ဖြတ်တောက်ရရှိသော အကိုင်းများအား မြေတွင်တိုက်ရိုက်ချ၍ စိုက်ခြင်း၊ ပျိုးပေါင်ပျိုးထုပ်များနှင့်စိုက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၄။ မြေတွင် တိုက်ရိုက်ချ၍ စိုက်ပျိုးပါက အပင်ရှင်သန်ရန် သင့်တော်သော အစိုဓာတ်ရှိရန်လိုပါသည်။ပျိုးပေါင်၊ ပျိုးထုတ်များတွင် စိုက်ပျိုးပါကလည်း သင့်တော်သော အစိုဓာတ်ရှိရန်လိုပါသည်။

၅။ မိုးနှောင်းကာလသည် စိုက်ပျိုးမြေများတွင် အစိုဓာတ် ဆုတ်ယုတ်မှုရှိသည့်အတွက် လုံလောက်သော အစိုဓာတ်မရှိပါက ရေလောင်းရန်လိုအပ်ပါသည်။

၆။ ပျိုးပေါင်၊ ပျိုးအိတ်များတွင် ထည့်သွင်း စိုက်ပျိုးပါကလည်း သင့်တော်သည့် အစိုဓာတ်ရှိရန် ရေလောင်းသင့်ပါသည်။

၇။ စိုက်ပျိုးမြေများတွင် ရေစိမ့်အားမကောင်းပါက ရေဝပ်၍ အပင်များပျက်စီးနိုင်မှုကိုလည်း သတိပြုရန် လိုအပ်ပါသည်။

၈။ ခြံစည်းရိုး ကြက်ဆူပင်များအား မိုးဦးကျကာလတွင် စိုက်ပျိုးပါက အသင့်တော်ဆုံး ဖြစ်ပါသည်။

၉။ မိုးနှောင်းကာလတွင် စိုက်ပျိုးပါက မြေတွင်းအစိုဓာတ်မဆုတ်မီ စိုက်ပျိုးခြင်း၊ အလွယ်တကူ ရေလောင်းနိုင်သည့် စိုက်ပေါင်၊ ပျိုးအိတ်များနှင့် ပျိုးထောင်စိုက်ပျိုး၍ မိုးဦးကျကာလတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

၁၀။ စိုက်ပျိုးမှုစနစ်များနှင့် ပတ်သက်၍ အကူအညီရလိုပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရုံး၊ဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဘူမိအနေအထားဆက်စပ်ဒေသများ၌ တွင်းသစ်များတိုးချဲ့တူးဖော် ညောင်တုန်းသဘာဝဓာတ်ငွေ့မြေ ကြာရှည်စွာသုံးစွဲနိုင်ရေးထိန်းသိမ်း

ရန်ကုန် ဇန်နဝါရီ ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်မြေသို့ ရောက်ရှိရာ ရေနံမြေရှင်းလင်းဆောင်တွင် အထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ်(တူးဖော်ရေး)ဦးရဲခေါင်က အသစ်ထပ်မံတူးဖော်ခဲ့သော ညောင်တုန်းတွင်းသစ် အမှတ်(၃၀)ကို အောင်မြင်စွာတူးဖော်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် လက်ရှိထုတ်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ရှာဖွေရေး/ဖွံ့ဖြိုးရေး)ဦးကျော်လှိုင်က ညောင်တုန်းဒေသ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးက ညောင်တုန်းဒေသတွင် တွင်းသစ်များဆက်လက်တူးဖော်သွားနိုင်ရေး၊ ဘူမိအနေအထားဆက်စပ်လျက်ရှိသည့် မအူပင်၊ ရေလဲကလေးဒေသ ပေနက်ပိုင်းအလားအလာရှိသည့် ရွှေလောင်းနှင့် လက်ပံတန်းဒေသများတွင် ရှာဖွေရေးတွင်းသစ်များ တိုးချဲ့တူးဖော်သွားနိုင်ရေး၊ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မှာကြားပြီး တွင်းတူးစက်နေရာချထားမှုအစီအစဉ်နှင့် ညောင်တုန်းသဘာဝဓာတ်ငွေ့မြေကို နှစ်ကာလကြာရှည်စွာ ထုတ်ယူသုံးစွဲသွားနိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားမည့်အစီအမံများကို ချမှတ်ပေးသည်။

ထို့နောက်ဝန်ကြီးက တွင်းတူးဖော်ရေးအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တွင်းသစ် အမှတ်(၃၀)တွင် တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းသစ် အမှတ်(၃၀)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၃ဒသမ ၈သန်းခန့်နှင့်လေဆီ(Comdensate) စည်၃၀ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း သထမ ဝိပဿနာတရားတော်များကို ဇန်နဝါရီ ၁၃ရက်မှ ၂၀ရက်အထိ ပေါင်းတည်မြို့နယ် ကြုံးကြုံးကျအုပ်စု မြေနံ့သာကျောင်း (မိုလင်းဓမ္မာရုံ) တော်ကြီး၌ မြေနံ့သာဆရာတော် ဘဒ္ဒန္တကောဝိဒ အရှင်သူမြတ်က ဟောကြား ပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသူများသည် ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း–၀၅၃–၃၄၃၇၄ လိုင်းခွဲ–၅၉ ရတနာမိုးကောင်းကျောင်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အချပ်ပိုလေးမျက်နှာဖော်ပြပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ပူးတွဲဖော်ပြပါရှိပါသည်။

တရုတ်နိုင်ငံရှန်ဟိုင်းမြို့ရှိ ဆိုင်တစ်ဆိုင်၌ ၁၂လရာသီခွင် သင်္ကေတများ ပါရှိသော နှစ်သစ်ကူးအလှဆင်ပစ္စည်းများရောင်းချနေသည်ကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရှေ့တောင်အာရှနိုင်ငံများနှင့်ကုန်သွယ်ရေးတိုးမြှင့်နိုင်ရန် စတီးလ်ဝဲလ်လမ်းမကြီးကို ပြန်လည်ဖွင့်နိုင်ရေးအိန္ဒိယမျှော်လင့်

နယူးဒေလီ ဇန်နဝါရီ ၁၁

အရှေ့တောင်အာရှနိုင်ငံများနှင့်နယ်စပ်ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယကမ္ဘာစစ်အတွင်းက တည်ဆောက်ဖောက်လုပ်ခဲ့သည့် သမိုင်းဝင် စတီးလ်ဝဲလ်လမ်းမကြီးအား ပြန်လည်ဖွင့်လှစ်ရန် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ်က မျှော်လင့်လျက်ရှိကြောင်း အင်ဒိုအာရှသတင်းဌာနက ဇန်နဝါရီ ၈ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ စတီးလ်ဝဲလ်လမ်းမကြီးအား ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် တရုတ်နိုင်ငံနှင့်ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး ချိတ်ဆက် ချောမွေ့သွားလျှင် အရှေ့တောင်အာရှနိုင်ငံများနှင့်အတူ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်သည် လွတ်လပ်သော ကုန်သွယ်မှုကို လျင်မြန်စွာစတင်ပြုလုပ်နိုင်မည် ဖြစ်ကြောင်း အက်ဆမ်ပြည်နယ် အကြီးအကဲ ဝန်ကြီးတာရန် ရိုရိုင်က ပြောကြားသည်။

တင်ပို့နိုင်

ထိုသို့ လမ်းပန်းဆက်သွယ်ရေး ချိတ်ဆက်ကောင်းမွန်ခဲ့လျှင် အိန္ဒိယနိုင်ငံအနေဖြင့် အိမ်နီးချင်း နိုင်ငံများသို့ မော်တော်ယာဉ် အစိတ်အပိုင်းများ၊ သစ်သီးများ၊ ဂျုံနှင့် ဆန်စပါး၊ ဟင်းသီးဟင်းရွက်၊ အထည်အလိပ်နှင့် ဝါဂွမ်းတို့ကို တင်ပို့နိုင်မည်ဖြစ်သည်။

စိတ်ဝင်စား

ထို့အတူ အိန္ဒိယကုန်သည်များကလည်း နိုင်ငံအတွင်းသို့ အီလက်ထရောနစ် အသုံးအဆောင်ပစ္စည်းများ၊ စောင်များ၊ ကျွန်းသစ်များကို အိမ်နီးချင်း နိုင်ငံများမှတင်သွင်းနိုင်ရေး စိတ်ဝင်စားလျက်ရှိသည်။

စီးပွားရေးနှင့် ကုန်သွယ်ရေး တိုးတက် ဖြစ်ထွန်းစေမည့် ယင်းအိပ်မက်ကို အကောင်အထည်ဖော်ရန် အိန္ဒိယဗဟိုအစိုးရအနေဖြင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဟု အိန္ဒိယနိုင်ငံ အက်ဆမ်ပရာဒေ့ရှ်ပြည်နယ်မှသစ်တောနှင့်သဘာဝ တောရိုင်းတိရစ္ဆာန်များဆိုင်ရာဝန်ကြီး ပရုတ်ရွတ်ဘောဒိုလိုက ပြောကြားသည်။

စတီးလ်ဝဲလ် လမ်းမကြီးသည် ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တို့ အသုံးပြုရန် ဖောက်လုပ်ခဲ့သည့် ၁၇၂၆ ကီလိုမီတာရှည်သော လမ်းမကြီးဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ

အမေရိကန်၌ တောမီးများလောင်ကျွမ်း လူရာပေါင်းများစွာကို ပြောင်းရွှေ့ပေးခဲ့ရ

ဝါရှင်တန် ဇန်နဝါရီ ၁၁

အမေရိကန်ပြည်ထောင်စု ကိုလိုရာဒိုပြည်နယ်တောင်ပိုင်းတွင် ဇန်နဝါရီ ၈ ရက်က တောမီးများလောင်ကျွမ်းခဲ့ရာ အိမ်ငါးလုံးထက်မနည်း ပျက်စီးသွားပြီး ယင်းအရပ်၌ နေထိုင်သူ ရာပေါင်းများစွာကို ပြောင်းရွှေ့စေခဲ့ရကြောင်း ဒေသခံ အမေရိကန်အာဏာပိုင်များက ပြောကြားသည်။

မီးမှာဟူအီယာဖာနိုနှင့် လပ်စ်အနီမတ်စ်စီရင်စုရှိဧက ၅၄၀၀(ဟက်တာ ၂၁၆၀)ကို လောင်ကျွမ်းခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

အာဏာပိုင်များသည် မီးငြိမ်းသတ်နိုင်ရေးအတွက် လေယာဉ်များကို အသုံးပြုကာ အရည်ပြစ်တစ်မျိုးကို မီးလောင်ကျွမ်းသည့် နေရာများသို့ ဖျန်းပက် ခဲ့ရကြောင်း ဟူအီယာဖာနိုစီရင်စုရုံးမှ ပန်မာတိနီက ပြောကြားသည်။

ခြောက်သွေ့သည့် ရာသီဥတု၊ အပူချိန်မြင့်မားမှုနှင့် လေတိုက်နှုန်းများနေမှုများကြောင့် လွန်ခဲ့သည့် ရက်သတ္တပတ် နှစ်ပတ်ကျော်က အမေရိကန် ပြည်နယ်များဖြစ်သည့် အိုကလာဟိုးမား၊ တက္ကဆက်နှင့် နယူးမက္ကစီကို တစ်လျှောက်တောမီးများ ပျံ့နှံ့လောင်ကျွမ်းခဲ့သောကြောင့် လူငါးဦးထက်မနည်း သေဆုံးပြီး အိမ် ၄၇၅လုံး ပျက်စီးသွားခဲ့သည်။

တောင်ပိုင်းအိုကလာ ဟိုးမားပြည်နယ်တွင် မီးသတ်သမားများသည် ကိုးလ်ဂိတ်အနီး ဧက ၉၀၀(ဟက်တာ ၃၆၀)ခန့် လောင်ကျွမ်းလျက်ရှိသည့် တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများမှဝင်ငွေရရှိမှုမြင့်မား နိုင်ငံစီးပွားရေး တိုးတက်မှု၏ အဓိကအင်အားတစ်ရပ်ဖြစ်လာ

ပေကျင်း ဇန်နဝါရီ ၁၁

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု၏ အဓိကအင်အားတစ်ရပ်မှာ ယဉ်ကျေးမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဖြစ်လာကြောင်း တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ အရာရှိကြီးတစ်ဦးက ပေကျင်းမြို့၌ ဇန်နဝါရီ ၇ရက်က ပြောကြားသည်။

ယဉ်ကျေးမှု

တရုတ်ယဉ်ကျေးမှုလုပ်ငန်းများမှ ကုန်ပစ္စည်းစုစုပေါင်းထွက်ရှိမှု တန်ဖိုးပမာဏမှာ ၂၀၀၄ခုနှစ်က အမေရိကန်ဒေါ်လာ ၁၅၀ဘီလီယံခန့်ရှိကြောင်း၊ ၎င်းလုပ်ငန်းများမှာ သတင်းစာ၊ ရုပ်ရှင်၊ အသံလွှင့်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း၊ စီးပွားရေးဆိုင်ရာ ပြပွဲများ၊ အင်တာနက်ဆက်သွယ်ရေးလုပ်ငန်းတို့ဖြစ်ကြောင်း တရုတ်နိုင်ငံ သတင်းပြန်ကြားရေးနှင့် ပုံနှိပ်ထုတ်ဝေရေးဆိုင်ရာ အထွေထွေစီမံအုပ်ချုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လီယူဘင်ဂျီက ပြောကြားသည်။

မျှော်မှန်း

ယခုအခါ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများသည် သွက်လက်ထက်မြက်သည့် စွမ်းအားစုတစ်ခုဖြစ်လာကြောင်း၊ လာမည့်ငါးနှစ်အတွင်း ၎င်းလုပ်ငန်းများမှ စုစုပေါင်းထုတ်ကုန်တန်ဖိုးမှာ ယွမ်လေးဘီလီယံအထိ ရောက်ရှိလာမည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအခါ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုလုပ်ငန်းများတွင် အစိုးရဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ပူးပေါင်းရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယမြောက်ပိုင်း၌ အအေးလှိုင်းကျရောက် နယူးဒေလီ၌ နှစ်ပေါင်း ၇၀အတွင်းအအေးဆုံးဖြစ်

နယူးဒေလီ ဇန်နဝါရီ ၁၁

အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် ဇန်နဝါရီ ၈ရက်က အအေးလှိုင်းများ ကျရောက်ခဲ့ပြီး မြို့တော် နယူးဒေလီတွင် ၁၉၃၅ခုနှစ် ဇန်နဝါရီလက ဖြစ်ပေါ်ခဲ့သည့် အပူချိန်အနိမ့်ဆုံး စံချိန်မျိုးကျရောက်ခဲ့ကြောင်း ဒေသခံရာသီဥတုဆိုင်ရာ ဌာနက ပြောကြားသည်။

ပြဒါးချိန်သည် နယူးဒေလီတွင် ဇန်နဝါရီ ၈ရက် နံနက် ၅နာရီမိနစ် ၃၀က ဝဒသမ ၂ဒီဂရီ ဆဲလ်ဆီးယပ်အထိ ကျဆင်းခဲ့ပြီး ပုံမှန်ထက် လေးဒီဂရီခန့်နိမ့်ကျခဲ့ကြောင်း အဆိုပါ ဌာနက ပြောကြားသည်။

စံချိန်တင်

နယူးဒေလီ၏ လွန်ခဲ့သော စံချိန်တင် အနိမ့်ဆုံးအပူချိန်မှာ ၁၉၃၅ခုနှစ် ဇန်နဝါရီ ၁၆ရက်က သုညအောက် ဝဒသမ ၆ဒီဂရီဆဲလ်ဆီးယပ်ဖြစ်သည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် အအေးလှိုင်း ကျရောက်မှုကြောင့် ယခုအချိန်အထိ လူ ၁၉၀ သေဆုံးသွားကြောင်း ဆင်ဟွာကဖော်ပြသည်။

မေတ္တာရပ်ခံ

ရာသီဥတု အေးလွန်းနေသည့်အတွက် မူလတန်းနှင့် ကိုယ်ပိုင်ကျောင်းများကို ဇန်နဝါရီ ၁၂ရက်အထိ ပိတ်ထားရန် မြို့ပြအုပ်ချုပ်ရေးအဖွဲ့က မေတ္တာရပ်ခံထားသည်။

ကျဆင်း

ယခုနှစ်တွင် အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ဆီးနှင်းများ သိပ်သည်းစွာ ကျဆင်းမှုကြောင့် အပူချိန်မှာလည်း ကျဆင်းနေမည် ဖြစ်ကြောင်း၊ အေးနေသည့် ရာသီဥတုသည်လည်း လာမည့် ရက်အနည်းငယ်အထိ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း ရာသီဥတုဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ပြန်ပေးဆွဲခံရသည့် ပြင်သစ်စားစာခံတစ်ဦး ပြန်လည်လွတ်မြောက်လာ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

ဘဂ္ဂဒက်မြို့၌ လွန်ခဲ့သည့်လက ပြန်ပေးဆွဲခံရသည့် ပြင်သစ်ဓားစာခံ ဘားနပ်ပလန်ချေးမှာ စနေနေ့က ပြန်လွတ်လာကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က တနင်္ဂနွေနေ့၌ ပြောကြားသည်။

ဘားနပ်ပလန်ချေးအား ပြန်ပေးဆွဲသူများက ဘဂ္ဂဒက်အနောက်ပိုင်း အဘူဂါရိုက်ဒေသ အမေရိကန်စစ်ဆေးရေးစခန်းအနီးတွင် စနေနေ့နံနက် ၂နာရီခန့်က ပြန်လွှတ်ပေးလိုက်ကြောင်း အမည်မဖော်လိုသည့် အဆိုပါ သတင်းရပ်ကွက်မှ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဘားနပ်ပလန်ချေးအား ဘဂ္ဂဒက်မြို့ အနောက်ပိုင်း မန်ဆူးခရိုင်ရှိ နေအိမ်မှ ဒီဇင်ဘာ ၅ရက်တွင် ပြန်ပေးသမားများက အဓမ္မခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

၂၀၀၃ခုနှစ် မတ်လက အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်စဉ်က စ၍ အီရတ်၌ နိုင်ငံခြားသား ၂၀၀ခန့် ပြန်ပေးဆွဲခဲ့ရပြီး ဓားစာခံ ဒါဇင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်စစ်ဘက်ရဟတ်ယာဉ် အီရတ်၌ ပျက်ကျ ယာဉ်ပေါ်ပါ ကန်တပ်ဖွဲ့ဝင် ၁၂ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်း အီရတ်နိုင်ငံတွင် စနေနေ့က ပျက်ကျသဖြင့် ရဟတ်ယာဉ်ပေါ်ပါ အမေရိကန် တပ်ဖွဲ့ဝင် ၁၂ဦးစလုံး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ကြေညာသည်။

ပျက်ကျ

အီရတ်နိုင်ငံ အနောက်မြောက်ပိုင်း တာလ်အဖာမြို့ အနီးတွင် စနေနေ့ညက ယူအိတ်ချ်-၆၀ ဘလက်ဟော့စ် ရဟတ်ယာဉ်ပျက်ကျကြောင်း၊ သေဆုံးသူအားလုံးမှာ အမေရိကန်နိုင်ငံသားများဟု ယုံကြည်ရကြောင်း၊ ယင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လုပ်ကိုင်

ရဟတ်ယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်း လေးဦးနှင့် တပ်ဖွဲ့ဝင်ရှစ်ဦး လိုက်ပါလာကြောင်း၊ ယခု စစ်ဘက်က ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မည်သည့်အတွက် ရဟတ်ယာဉ်ပျက်ကျရသည်ကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျစဉ်က ရာသီဥတုဆိုးရွားကြောင်း စသည်ဖြင့် ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်အနောက်ပိုင်းတွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားသည့်နေရာ၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရန်ကုန်မြို့ရှိ ကုန်သေတ္တာစစ်ဆေးရေးစခန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

ဘဏ္ဍာရေးနှင့်အခွန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကျောက်တန်းမြို့နယ်ရှိ သီလဝါ ကုန်သေတ္တာ စစ်ဆေးရေးစခန်း MITT သို့ ရောက်ရှိပြီး X-Ray Machine စက်တပ်ဆင်ရန် ပြင်ဆင်ထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်းသို့ ရောက်ရှိပြီး X-Ray Machine စက်ဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဝန်ကြီးသည် ပို့ကုန်/သွင်းကုန်လုပ်ငန်းများ မြန်ဆန်ချောမွေ့စေရေးအတွက် အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်မှုများကို ကြည့်ရှုပြီး စနစ်တကျ မှန်ကန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အလုံ(Asia World) ကုန်သေတ္တာ စစ်ဆေးရေးစခန်း (AWPD ရှိ X-Ray Machine) စက်တပ်ဆင်ရန် ပြင်ဆင်ထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား စက်တပ်ဆင်ဆောင်ရွက်မည့် အစီအမံများ၊ ကုန်သေတ္တာ စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* ကျောဖုံးမှ

ယင်းနောက် အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Monan က တိုင်းမှူးနှင့် မြို့တော်ဝန်တို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ပြိုင်ပွဲဝင် တင်းနစ် အားကစားသမားများနှင့် တာဝန်ရှိသူတို့က အမှတ်တရ မှတ်တမ်း ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖွင့်ပွဲနေ့ ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန်တော်ကလေး မန္တလေးလမ်း တရားတော်ဟောကြားချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အနောက်ပိုင်း) ရပ်ကွက် မန္တလေးလမ်းရှိသာသနပါလ ဓမ္မာရုံ၌ ဇန်နဝါရီ ၁၄ ရက် (စနေနေ့) ည ၇ နာရီတွင် နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တ အရှင်ပညာဒီပ (ဟသ်ာတ၊ ဓမ္မာစရိယ)က လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့) ည ၇ နာရီ၌ ကြာနီကန်ဆရာတော် ဦးရေဝတ (ဝါးခယ်မ၊ဓမ္မကထိက)ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ လာရောက်တရားနာယူနိုင်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

အိမ်တော်ရာစေတီ ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲ များ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲများအဖြစ် ပြာသိုလဆန်း ၁၂ ရက် ဇန်နဝါရီ ၁၀ ရက်ညတွင် အရှင်ခေမာသိရိလင်္ကာရ (သီတဂူကြာတစ်ပွင့်)က လည်းကောင်း၊ ပြာသိုလဆန်း ၁၄ ရက် ဇန်နဝါရီ ၁၂ ရက်ညတွင် ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt)က လည်းကောင်း၊ ပြာသိုလပြည့်ကျော် ၂ ရက် ဇန်နဝါရီ ၁၅ ရက်ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်က လည်းကောင်း ရင်ပြင်တော် ရတနာ့ဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်တော်ရာစေတီ ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲ တော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပြာသိုလပြည့်နေ့ ဇန်နဝါရီ ၁၃ ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပမည်ဖြစ်သည်။ ယင်းလောင်းလှူပွဲအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၆၃ ပါး ကြွရောက်တော်မူမည်ဖြစ်ရာ အလှူရှင်များ တက်ရောက် လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း-၃၈၃၇၉၄ သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် အမျိုးသားညီလာခံအား ဂုဏ်ပြုထောက်ခံသောအားဖြင့် နာနတ်တော-မြေနီကုန်းကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ကျောက်ချောလမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် ထေးပလော့ခူရွာ၊ ဒေါ်ဆဲရွာနှင့် ဒေါ်ခေါ်ခူရွာများမှ စုပေါင်းဆောက်လုပ်နေသည့် ဘုန်းတော်ကြီးကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အမျိုးသားညီလာခံကိုဂုဏ်ပြုထောက်ခံသောအားဖြင့်ဒီမောဆိုမြို့နယ်ဒေါတော်ကူးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ် ပညာရေးမှူး ဒေါ်မာလာမေသွင်က ကျောင်းဆောင်သစ် ဆောက်လုပ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဗလာစာအုပ်များ၊ အဝတ်အထည်များ၊ ဆေးဝါးများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဒေါပေါ်ကူးကျေးရွာ ရေအားလျှပ်စစ်စက် တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအရောက် မီးကြိုးဆက်သွယ်ရေးနှင့် ရေပိုက်သွယ်ယူရေးတို့အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် ဆေးဝါးများ၊ အဝတ်အထည်များ လှူဒါန်းခဲ့သည်။

ဖြည့်ဆည်းပေး

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သေးဆူလဲရွာကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးခန်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးများ လှူဒါန်းကာ ဆေးခန်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် လှူဒါန်းပွဲ အခမ်းအနားကို တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

လှူဒါန်းပွဲတွင် ဗဟိုအလုပ်အမှုဆောင်က အခြေခံပညာအလယ်တန်းကျောင်းသုံး ကျောင်းအတွက် ကွန်ပျူတာသုံးစုံနှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စေတနာ့ညကျောင်းတွင် စာသင်ကြားပေးသည့် ဆရာ ဆရာမ ၅၁ ဦးအတွက် ဆန်အိတ် ၅၁ အိတ် လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ် ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင်များက အလှူငွေကျပ် ၁၄၂ သိန်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ငွေကျပ် ၂၂ သိန်း၊ အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ် ၂၂ သိန်းလှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ခြံစည်းရိုးကြက်ဆူပင် ဧက ၂၀ စိုက်ပျိုးပွဲသို့ တက်ရောက်စိုက်ပျိုးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် နယ်မြေခံတပ်နယ်မှစိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးထားရှိမှုကို သွားရောက်စစ်ဆေးရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် ပြာသိုလဆန်း၁၄ရက် (အဖိတ်နေ့)

၁၂-၁-၂၀၀၆(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	အကပဒေသာ
၈:၂၀	၈။	ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၅	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၅	၈။	**"ဆွေမျိုးတော်ပေမယ့်"** ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ (ဒါရိုက်တာ-သက်တင်)
၁၇:၄၀	၉။	တေးဂီတအစီအစဉ်
၁၇:၅၀	၁၀။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၁၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၁၅	၁၃။	အကပြိုင်ပွဲ
၁၈:၄၅	၁၄။	တေးဂီတအစီအစဉ်
၁၉:၀၀	၁၅။	အတီးပြိုင်ပွဲ
၁၉:၁၅	၁၆။	ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည့် ဆင်းရွှေလီ(အပိုင်း-၈)
၁၉:၃၀	၁၇။	အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း-၄)
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဓာတ်လမ်း **"ကူညီချင်လွန်းလို့"** (အပိုင်း-၁) လွင်မိုး၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကျော်ဇောလင်း)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

မြို့ရွာတစ်ခွင် သာစေချင် မီးကို မပေါ့နှင့်

တကောင်းမြို့ လေးမျက်နှာစေတီတော်မြတ်ကြီး ရွှေထီးတော်ပင့်ဆောင်ကပ်လှူရေး ပရိတ်တရားတော်နာ

ရန်ကုန် ဇန်နဝါရီ ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြန်လည်တည်ဆောက်ပြုပြင်လျက်ရှိသည့် မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းမြို့ လေးမျက်နှာစေတီတော်မြတ်ကြီးတွင် ကပ်လှူပူဇော်မည့် ရွှေထီးတော်အား ပင့်ဆောင်ရေးအတွက် ပရိတ်တရားတော်နာအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ယနေ့ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၊ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ၊ မဟာအောင်မြေဘုံစံ ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် သံဃာတော်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး ဒေါ်ခင်ခင်လေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဇနီး ဒေါ်မြင့်မြင့်ဝေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ငါးပါးသီလဆောက်တည်

အခမ်းအနားတွင် ရှေးဦးစွာ သံဃာတော်အရှင်မြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။ ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က တကောင်းမြို့ လေးမျက်နှာဘုရားစေတီတော်နှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး ပရိသတ်များက မဟာအောင်မြေဘုံစံ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်အရှင်မြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်က ရေစက်ချတရားချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တကောင်းမြို့ လေးမျက်နှာစေတီတော်မြတ်ကြီးတွင် ကပ်လှူပူဇော်မည့် ထီးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။
(ယဉ်ကျေးမှု)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ပြန်ကြားရေး ဆပ်ကော်မတီနှင့်ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၆)ကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ပြပွဲခင်းကျင်းပြသရေးအစီအစဉ်နှင့် ခင်းကျင်းပြသမည့်ပြကွက်များ၊ ပြည်ထောင်စုအလံတော်ခရီးစဉ်အတွင်း ပြခန်း ခင်းကျင်းပြသရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးဆပ်ကော်မတီ အတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဦးကိုကိုထွေးက ပြန်ကြားရေးဆပ်ကော်မတီ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြန်ကြားရေးဆပ်ကော်မတီဝင်များက ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်အသီးသီးက အထွေထွေပိုင်းကို ဆွေးနွေးတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့နှင့်အညီ ဖေဖော်ဝါရီ ၈ ရက်မှ ၁၆ ရက်အထိ ကဏ္ဍအလိုက် ခမ်းနားသိုက်မြိုက်စုံလင်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေး အမူအကျင့်ပြောင်းလဲစေရန် ဆန်းစစ်ခြင်းအခမ်းအနားများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းများနှင့် ကျေးရွာအဆင့် သင်တန်းသားများအား ဆန်းစစ်ခြင်းအခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်တို့၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဆင့်ပွား ဆရာဖြစ်သင်တန်းများအား ဆန်းစစ်ခြင်းအခမ်းအနားကို နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က သင်တန်းသားများအား ဆန်းစစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက ဆန်းစစ်မေးခွန်းလွှာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုနှင့် မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဆင်း သင်တန်းသား သင်တန်းသူ ၅၀ တို့က ဆန်းစစ်မေးခွန်းလွှာများကို ဖြေဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခရမ်းမြို့နယ်

ဆက်လက်၍ ခရမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆင့်ပွား ဆရာဖြစ်သင်တန်းသားများအား ဆန်းစစ်ခြင်းအခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပြပွဲစိုက်ခန်းမ၌ ကျင်းပသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က သင်တန်းသားများအားဆန်းစစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက ဆန်းစစ်မေးခွန်းလွှာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက်ဗဟိုနှင့်မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဆင်း သင်တန်းသား သင်တန်းသူ ၅၀ က ဆန်းစစ်မေးခွန်းလွှာများကို ဖြေဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကျေးရွာအဆင့် ဆန်းစစ်ခြင်းကို ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ၌ ကျင်းပသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က ကျေးရွာအဆင့် သင်တန်းသား သင်တန်းသူများအား ဆန်းစစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကွမ်းမိုးဒိန်းကျေးရွာမှ ကျေးရွာအဆင့် သင်တန်းဆင်း သင်တန်းသား သင်တန်းသူ ၆၅ ဦးက ဆန်းစစ်မေးခွန်းလွှာများကို ဖြေဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သုံးခွမြို့နယ်

အလားတူ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကျေးရွာအဆင့် ဆန်းစစ်ခြင်းအခမ်းအနားကို သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာ၌ ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က ကျေးရွာအဆင့် သင်တန်းဆင်း သင်တန်းသားများအား ဆန်းစစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက ဆန်းစစ်မေးခွန်းလွှာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သိုက်တူးကန်စံပြကျေးရွာနှင့် ပုလဲကျေးရွာတို့မှ ကျေးရွာအဆင့် သင်တန်းဆင်း သင်တန်းသား သင်တန်းသူ၉၇ဦးက ဆန်းစစ်မေးခွန်းလွှာများကို ဖြေဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း အမှတ်(၃)ရပ်ကွက်၊ ရွှေတောင်ကျောင်းမှ ဘဒ္ဒန္တသောဘိတ (သာသနာ့ဓဇသီရိပဝရဓမ္မာစရိယ) ပဓာန နာယကဆရာတော်က အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။ (က-ပ)

စနေမောင်မယ် သွေးလှူရှင်များအသင်း သွေးလှူဒါန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော စနေမောင်မယ် သွေးလှူရှင်များအသင်း၏ (၁၃)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဥက္ကလာပစေတီတော်၏ ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ်ရွှေသင်္ကန်းကပ်လှူပွဲနှင့် (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် မဟာမုနိဓမ္မာရုံကြီးတွင် ဇန်နဝါရီ ၁၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသက်(၁၈)နှစ် ပြည့်ပြီးသူ မည်သူမဆို ကြွရောက် လှူဒါန်းနိုင်ကြောင်းနှင့် အာဟာရဒါနပြုလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၅၆၆၆၃၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၀၀)**

ခြံစည်းရိုးကြက်ဆူ ပညာပေးပြပွဲနှင့်စိုက်ပျိုးပွဲ ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၁

ချင်းပြည်နယ်၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးပညာပေးပြပွဲနှင့် စိုက်ပျိုးပွဲကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ဖလမ်းမြို့နယ် စီဇာဟွာလီအုပ်စု၊ ဗဇကျေးရွာတွင်ကျင်းပသည်။ အခမ်းအနားသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ကြက်ဆူပင် စိုက်ပျိုးခြင်းရည်ရွယ်ချက်နှင့် ကြက်ဆူဆီထုတ်လုပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ယင်းနောက် ဖလမ်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစိုးမြင့်က ကြက်ဆူပင်စိုက်ပျိုးနည်းစနစ်များနှင့် ကြက်ဆူပင်အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော ကြက်ဆူပင်စိုက်ပျိုးထုတ်လုပ်ရေး ပညာပေးပြခန်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီးတို့က ကြက်ဆူကိုင်းပျိုးပင်ကို သတ်မှတ်နေရာတွင် စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ကြက်ဆူပင်များအား တပျော်တပါးစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ကြက်ဆူပင်စိုက်ပျိုးပွဲတွင် ကြက်ဆူပင်ဧက ၅၀ ကို စုပေါင်းစိုက်ပျိုးပေးကြပြီး ချင်းပြည်နယ်အတွင်း ကြက်ဆူပင်ဧက ငါးသိန်းပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်း အဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

အနာဂတ်နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ပေးနေ

✡ **ရှေ့ဖုံးမှ**

ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ ကော့ကရိတ်ခရိုင်၊ ဘားအံခရိုင်၊ မြဝတီခရိုင်တို့မှ တိုင်းရင်းသားပြည်သူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘားအံမြို့နယ်အတွင်း ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၂၅၀၀၀ ကျော်တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက် ၆ နာရီမှစတင်၍ စုရပ်အသီးသီးမှ သံလွင်စစ်ကြောင်း၊ ယွန်စလင်းစစ်ကြောင်း၊ ဒုံသမိစစ်ကြောင်း၊ ဂျိုင်းစစ်ကြောင်းတို့က အခမ်းအနားကျင်းပသည့် သီရိကွင်းသို့ ချီတက်လာကြပြီး သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

သဘာပတိ

အဆိုပါအခမ်းအနားတွင် သဘာပတိအဖြစ် ဘားအံမြို့မှ မြို့မိမြို့ဖ ဦးစောညွန့်သောင်းကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဘားအံမြို့မှမြို့မိမြို့ဖများဖြစ်ကြသည့် ဦးခွန်ချစ်သန်းနှင့် ဒေါက်တာအောင်ဆွေ၊ မြိုင်ကြီးငူ အထူးဒေသငြိမ်းချမ်းရေးအဖွဲ့မှ ဦးစောကျော်သန်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်တင်ဝင်း၊ ကရင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါက်တာမြမြစန်းနှင့် ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးအေးမြင့်(အငြိမ်းစား)တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဖြူစင်ဝင်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါက်တာနန်းစုနန္ဒာတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက လူထုအစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဖွဲ့စည်းတာဝန်ပေးအပ်

အစီအစဉ်အရ သဘာပတိ ဦးစောညွန့်သောင်းက အဖွင့်အမှာစကား ပြောကြားရာတွင် အနာဂတ်နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရရပ်တည်ရန်အတွက် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရန် လိုအပ်လျက်ရှိကြောင်း၊ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက်၊ ၁၉၉၂ခုနှစ် ဇွန်လမှစ၍ အမျိုးသားညီလာခံကျင်းပရေးအတွက် လိုအပ်သောအဖွဲ့အစည်းများနှင့် စနစ်တကျ ညှိနှိုင်းမှုပြုခဲ့ကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကိုလည်း ၁၉၉၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

၁၉၉၃ခုနှစ် ဇန်နဝါရီ ၉ ရက်၌ ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးတွင် ပြည်ထောင်စုရေရှည်တည်တံ့ခိုင်မြဲရေးအား အာမခံနိုင်မည့် အမျိုးသားညီလာခံကို ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် အခြေခံမူ (၁၀၄)ချက်ကို ချမှတ်နိုင်ခဲ့ကြောင်း။

ပြန်လည်ကျင်းပ

၂၀၀၃ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ခဲ့ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ကို ၂၀၀၄ခုနှစ် မေ၁၇ရက်မှာ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပပြီး ဆွေးနွေးခဲ့ကြကြောင်း၊ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၇ရက်မှ မတ် ၃၁ ရက်နှင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပလျက်ရှိကြောင်း။

ညီလာခံကျင်းပရာတွင် ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့ပါဝင်ကြပြီး အမျိုးသားညီလာခံ၏ဦးတည်ချက်ခြောက်ရပ်နှင့်အညီ ကျင်းပလျက်ရှိကြောင်း။

လေးနက်ကျယ်ပြန့်

ယင်းဦးတည်ချက်များသည် လက်ရှိမြန်မာနိုင်ငံ၏ပကတိအခြေအနေများနှင့်ကိုက်ညီအောင် ရွေးချယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးနှစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှစ်ခုနှင့် ညှိနှိုင်းဆွေးနွေးခြင်းမျိုးမဟုတ်ဘဲ အစုအဖွဲ့ရှစ်ဖွဲ့မှကိုယ်စားလှယ်များက အမျိုးသားညီလာခံကြီးကို လေးနက်ကျယ်ပြန့်သည့် တွေ့ဆုံဆွေးနွေးပွဲအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။

ကြိုးပမ်းတည်ဆောက်နေ

အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင်ဆောင်ရွက်ပြီးပါက နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏အာဏာအရပ်ရပ်ကိုတာဝန်ယူသည့် အချိန်ကစပြီး ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ပန်လျက် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းတည်ဆောက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်မှုများကိုအကျဉ်းတင်ပြရလျှင် ၁၇နှစ်တာကာလအတွင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည့်ဝမ်းစာဖူလုံရေးအတွက် ဆည်မြောင်းတာတမံပေါင်းများစွာကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်သကဲ့သို့ ဆက်လက်၍လည်း တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ၎င်းအပြင် လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်းများကို မြို့နှင့်ကျေးလက်ဒေသပါမကျန် အနှံ့အပြား တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးများကိုလည်း တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးရေးဒေသကြီး၂၄ခုသတ်မှတ်ပြီး စက်မှုဇုန်အများအပြားကိုလည်း တည်ဆောက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးနှင့် ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိနေကြသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရုံသာမက နိုင်ငံတကာနှင့် လူသားထုကြီးတစ်ရပ်လုံးကို ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးကာကွယ်တိုက်ဖျက်ရေး၊ လူမှောင်ခိုတားဆီးရေး၊ အကြမ်းဖက်မှုကာကွယ်တိုက်ဖျက်ရေး၊ HIV/ AIDS ရောဂါကာကွယ်တိုက်ဖျက်ရေးတို့ကို အစိုးရနှင့် ပြည်သူတို့ပူးပေါင်းပြီး အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့်မြန်မာပြည်သူများက ပြည်တွင်းသာမက ကမ္ဘာ့မည်သည့်နေရာဒေသမှာမဆို စစ်ပွဲဇုန်အကြမ်းဖက်ဒေသများ မဖြစ်စေရေးအတွက် အိမ်နီးနားချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် သတိရှိရှိ ထာဝစဉ်ပူးပေါင်း ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း။

လူ့အင်အားအရင်းအမြစ်များဖော်ထုတ်

အနာဂတ်နိုင်ငံတော်အတွက် ဒေသအလိုက်မှာရှိသည့် မျိုးဆက်သစ်လူငယ်များကိုလည်း နိုင်ငံတော်က အားကိုးအားထားရသည့် အမျိုးသားရေးစွမ်းအားစုအဖြစ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ အမျိုးသားရေးဆိုင်ရာသင်တန်းများ၊ နိုင်ငံတကာဆက်ဆံရေးသင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ လေကြောင်းရေကြောင်းဆိုင်ရာ မျိုးဆက်သစ်သင်တန်းများ၊ အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများကို စဉ်ဆက်မပြတ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ စွမ်းရည်ရှိသည့် သင်တန်းများကြောင့် **ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်း၏ တန်ဖိုး၊ အေးချမ်းတည်ငြိမ်ရေး၏တန်ဖိုးကို သဘောပေါက်ပြီး အမျိုးသားနိုင်ငံရေး အရည်အသွေးကောင်းများနှင့် ကျွမ်းကျင်မှုအတတ်ပညာ၊ အသက်မွေးဝမ်းမှု အတတ်ပညာများကို ရရှိစေပါကြောင်း၊ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ပေးနေခြင်းလည်း ဖြစ်ကြောင်း။**

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ အသက်တမျှအရေးကြီးသည့် ဖွဲ့စည်း ပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ကျင်းပနေသည့် အမျိုးသားညီလာခံ ကြီးအား ကြိုဆိုထောက်ခံရင်း တစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ ကို အားသွန်ခွန်စိုက်ကြိုးပမ်း လုပ်ဆောင်ကြပါဟု တိုက်တွန်းလိုကြောင်း ပြောကြားသွားသည်။

ပြည့်ပြည့်စုံစုံထည့်သွင်းဆွေးနွေး

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အဆိုကို ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းစန္ဒာစိုးက တင်သွင်းရာတွင် ညီလာခံကြီး၏ပထမခေါင်းစဉ်ဖြစ်သည့် နိုင်ငံတော်အခြေခံမူများကို ၁၉၉၃ခုနှစ် ဇွန် ၇ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက် (၈)ချက်ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ အခြေခံမူ(၁၀၄)ချက်အနက်မှ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းသည့် အခြေခံမူ များ၊ နိုင်ငံတော်အကြီးအကဲနှင့်စပ်လျဉ်းသည့် အခြေခံမူများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသနှင့် သက်ဆိုင်သည့် အခြေခံမူများ စသည့်အခြေခံမူများကို ပြည့်ပြည့်စုံစုံ ထည့်သွင်းဆွေးနွေးထားသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေရင်း မူးယစ်ဆေးဝါးပပျောက်ရေး၊ လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး၊ AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လူမှုရေးအသင်းအဖွဲ့များက နိုင်ငံတော်အစိုးရနှင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက် လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်းတစ်ဖက်မှလည်း ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ပေါက်ရေးကို အထူးကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးကို စတင်တာဝန်ယူသည့် ၁၉၈၈ ခုနှစ်မှစ၍ ယခုချိန်ထိ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကျေးလက်ဒေသပါမကျန် ဘက်စုံထောင်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်တိုင်းပြည်လုံး နေရာအနှံ့အပြား နယ်စပ်ဒေသပါမကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ မိမိတို့ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို အကျဉ်းချုပ်တင်ပြရလျှင် သံလွင်တံတား(ဘားအံ)၊ ဂျိုင်း-ဇာသပြင်တံတား၊ ဂျိုင်း-ကော့ကရိတ်တံတား၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရ

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်း အဝေးတွင် အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဖြူစင်ဝင်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါက်တာနန်းစုနန္ဒာတို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကွန်ပျူတာကောလိပ်၊ ဘားအံတက္ကသိုလ်ကြီးများကို တည်ဆောက်ပြီးဖြစ်ကြောင်း၊ ယင်း ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များသည် လက်ရှိမိမိတို့သာမက နောင်လာမည့် သားစဉ်မြေးဆက်အတွက် အာမခံချက်ရှိရှိ ခံစားနိုင်ကြမှာဖြစ်ကြောင်း။

ပြည်တွင်းပြည်ပအဖျက်သမားများ၏ နှောင့်ယှက်မှုအန္တရာယ်ကြောင့် တိုင်းပြည်အတွက် မည်မျှပင်ကြီးမားသော အခက်အခဲအန္တရာယ်နှင့် တွေ့ကြုံရင်ဆိုင်စေရကာမူ ပြည်သူ၊ အစိုးရနှင့် တပ်မတော်သုံးလွန်းတင် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ထိုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်ကာလအတွင်း နိုင်ငံတော်ကြီးကို ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးလျက်ရှိပြီး အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူ(၁၀၄)ချက်ကို ပြည်သူလူထုတစ်ရပ်လုံးက ကြိုဆိုထောက်ခံကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို မြို့မိမြို့ဖ ကိုယ်စားလှယ် ဦးငွေစိုးက ဆွေးနွေးထောက်ခံတင်ပြရာတွင် မိမိတို့နိုင်ငံတွင် သူ့ကျွန်ဘဝရောက်ခဲ့စဉ်က ကိုလိုနီနယ်ချဲ့တို့က ဘိန်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်ဒေသအချို့တွင် စတင်ခဲ့သည်ကို တွေ့ရှိရပြီး ယခုအခါ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက တပ်မတော်သည် မိုးဟိန်းစစ်ဆင်ရေးကို အဆင့် (၁၂)အထိ၊ ငရဲပန်းစစ်ဆင်ရေးကို အဆင့်(၈)အထိ၊ တောင်ရန်ရှင်း စစ်ဆင်ရေးကို အဆင့်(၄)အထိ ဆောင်ရွက်ခဲ့သည့်အပြင် တောင်ထိပ်ပန်း၊ အောင်မိုးဟိန်း စစ်ဆင်ရေးတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ဘိန်းမှောင်ခိုအဖွဲ့ကို ချေမှုန်းခဲ့သည့် မုံးကျွတ်စစ်ဆင်ရေးသည်လည်း အလွန်ထင်ရှားပါကြောင်း၊ ၁၉၈၈ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ မူးယစ်ဆေးဝါး နှိမ်နင်းရေးတိုက်ပွဲများတွင် တပ်မတော်သား ၂၅၉ဦး အသက်ပေးခဲ့ရပြီး ၉၃၅ဦး ဒဏ်ရာရရှိခဲ့သည်ကို ကြည့်လျှင် မိမိတို့နိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်ခဲ့သဖြင့် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို ဖျက်ဆီးခဲ့သည်မှာ ၂၀၀၅ခုနှစ်အထိ (၁၉)ကြိမ် ဖျက်ဆီးနိုင်ခဲ့ပြီး စုစုပေါင်း ကာလတန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၆၆၁ သန်းကျော်ရှိကြောင်း။

မိမိတို့ မြန်မာလူမျိုးများသည် လူသားများအကျိုးမရှိ အမျိုးတုံးစေမည့် မူးယစ်မှန်သမျှ မိမိအင်အားဖြင့် ဆက်လက်နှိမ်နင်းသွားမှာဖြစ်ကြောင်း၊ ဘိန်းစိုက် တောင်ယာရှင်းလင်းပြီး မြေတစ်ကွက်မကျန် စားသုံးသီးနှံအစားထိုးနိုင်သည်ဟု ကြေညာနိုင်သည်အထိ စွမ်းအားရှိသမျှ အားသွန်ခွန်စိုက်ဆောင်ရွက်သွားမည်သာဖြစ်ကြောင်း။

ထက်သန်စွာ ပါဝင်ဆင်နွှဲ

မိမိတို့မြန်မာနိုင်ငံသည် တပ်မတော်အစိုးရက တာဝန်ယူခဲ့သည့် ကာလအတွင်း မည်သည့်ကာလနှင့်မျှမတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေး အစရှိသည်အားလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး၊ အမျိုးသားညီလာခံကို ကျင်းပလျက်ရှိနေပါကြောင်း၊ အမျိုးသားညီလာခံတွင် တိုင်းရင်းသားစုံ၊ လူတန်းစားစုံ၊ အလွှာစုံ၊ အတတ်ပညာရှင်၊ အသိပညာရှင်ဘက်ပေါင်းစုံမှ ထက်သန်စွာပါဝင်ဆင်နွှဲနေပြီး ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်ကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအားညမနား ဆောင်ရွက်နေသကဲ့သို့ စစ်မှန်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အခြေခံကျလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲလျက်ရှိသော အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပရေးကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံ တင်ပြသွားသည်။

အမျိုးသားရေးတာဝန်တစ်ရပ်

ဆက်လက်၍ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မြို့မိမြို့ဖကိုယ်စားလှယ် ဒေါက်တာအေးအေးခိုင်က ဆွေးနွေးထောက်ခံတင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်နေမှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိခိုက်ပျက်ပြားစေသည့် လူမှောင်ခို လူကုန်ကူးမှုများအား တားဆီးကာကွယ်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကြီးမားသည့်အနှောင့်အယှက်

အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းသည် အမျိုးသမီးတို့၏ဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာနှောင့်နှေးစေကြောင်း၊ အမျိုးသမီးများနှင့်ကလေးများ လူမှောင်ခိုပြုမှုသည် အကြမ်းဖက်ခံရခြင်းတစ်မျိုးဖြစ်ပြီး ဘဝဖွံ့ဖြိုးရေးအတွက် ကြီးမားသည့်အနှောင့်အယှက် အတားအဆီးကြီးတစ်ခုဖြစ်ကြောင်း။

အမျိုးသမီးများ၏ဘဝကိုမြှင့်တင်ပေးရေးအတွက် ဖွဲ့စည်းထားခဲ့သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ညွှန်ကြားချက်နှင့်အညီ ကရင်ပြည်နယ်တွင် ပြည်နယ်၊ခရိုင်၊မြို့နယ်၊မြို့များအထိ အမျိုးသမီးရေးရာအဖွဲ့များကို ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် အဖွဲ့ဝင်အဖြစ် ၂၀၀၅ခုနှစ် ဒီဇင်ဘာလအထိ သက်ကြီး၃၈၈၀၀၊သက်ငယ်၁၈၇၇၄ဦး စုစုပေါင်း၅၇၅၇၄ဦး အသင်းဝင်ရောက်ပြီး ဖြစ်ပါကြောင်း။

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်း အဝေးတွင် သဘာပတိ ဦးစောညွန့်သောင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာပေးဟောပြော

လူမှောင်ခိုနှင့် လူကုန်ကူးမှု ပပျောက်ရေးအတွက် အသိပညာပေးဟောပြောပွဲများကို တက္ကသိုလ်၊ကောလိပ်ကျောင်းများနှင့် ရပ်ကွက်ကျေးရွာများတွင် ပညာပေးဟောပြောပွဲများပြုလုပ်ခဲ့ပါကြောင်း၊ ၎င်းအပြင် လူမှောင်ခိုကုန်ကူးမှုပညာပေးဗီဒီယိုဇာတ်ကားများကိုလည်း ပြသခဲ့ကြောင်းနှင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအတွက် ပညာပေးဟောပြောပွဲပေါင်း (၅၂)ကြိမ်ပြုလုပ်ခဲ့ပြီး လူဦးရေ ၁၂၀၃၅ ဦးကို ပညာပေးဟောပြောခဲ့ကြောင်း။

အဆက်မပြတ်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် (၅/၂၀၀၅) ဖြင့် ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ လူမှောင်ခိုမှုနှင့် ပတ်သက်ပြီး လူမှောင်ခိုကူးမှု တားဆီးသည့်အပြင် ပညာပေးဟောပြောမှုများကိုလည်း အဆက်မပြတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်နယ်ကြိုဆိုလက်ခံရေးအဖွဲ့အနေဖြင့် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလ ၅ရက်မှ ၂၀၀၅ခုနှစ် နိုဝင်ဘာလ၃၀ရက်အထိ တစ်ဖက်နိုင်ငံမှ မြန်မာနိုင်ငံ မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသော လူဦးရေပေါင်း ၁၈၄၆၃ ဦးကိုလက်ခံပြီး ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးဆေးစစ်မှုများပြုလုပ်ပေးခဲ့သည့် အပြင် အိမ်တိုင်ရာရောက် ပြန်ပို့ခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံသို့ မသွားရောက်စေရန်နှင့် မိမိနိုင်ငံအတွင်း အသက်မွေးဝမ်းကျောင်းမှု ပြုနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနမှ ဖွင့်လှစ်ထားသည့် အသက်မွေးဝမ်းကျောင်းမှု ပညာသင်တန်းများကို တက်ရောက်စေခဲ့ပါကြောင်း၊ တွံတေးမြို့နယ်တွင် စခန်းဖွင့်လှစ်၍ ဆေးဝါးကုသပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာအားပေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စေတနာရှိရှိကြိုးပမ်းအားထုတ်

သဘာပတိကြီးမိန့်ခွန်းမှ အဆိုရှင်ထောက်ခံသူများ၏ တင်ပြချက်များတွင် ဖော်ပြခဲ့သည့် မြန်မာနိုင်ငံတော်နှင့်ပတ်သက်၍ အချက်အလက်များကို အကျဉ်းချုံး၍ စုရုံးထောက်ခံတင်ပြလိုပါတယ်။ မြန်မာနိုင်ငံတော်တွင် ပြည်သူ၊ အစိုးရ၊ တပ်မတော်တိုဟာ မိမိနိုင်ငံ မိမိတိုးတက်ဖွံ့ဖြိုးရေးအတွက် အခြားသော သူတစ်ပါးကိစ္စများကို ဝင်ရောက်စွက်ဖက်ချိန်၊ ပြောကြားချိန်မရပါ။ မိမိနိုင်ငံ၊ မိမိတိုးတက်ရေးအတွက်သာ ကျားကုတ်ကျားခဲ ဆောင်ရွက်နေကြရသည့် အချိန်လည်းဖြစ်ပါကြောင်း။

ဆက်လက်၍ တင်ပြရမည်ဆိုလျှင် ယနေ့နိုင်ငံတော်တာဝန်ကို ထမ်းဆောင်တာဝန်ယူနေကြရသည့် အကြီးအကဲများသည် တာဝန်သိသာရုံမကဘဲ နိုင်ငံအတွက် စေတနာရှိရှိ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြသူများ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုမလိုလားသည့် အခြားတိုင်းတစ်ပါးကသူများသည် မိမိတို့ပြည်သူများအား အထင်သေးသည်မှာရှိကြောင်း။

တက်ညီလက်ညီ

သို့သော် ယနေ့မိမိတို့ပြည်သူများသည် သူတို့ထင်သကဲ့သို့မညံ့ပါ၊ တိုင်းပြည် ချစ်စိတ်ကိုအရင်းခံသည့် အမျိုးသားနိုင်ငံရေးအတွေးအခေါ်များလည်း လူတိုင်း ကိုယ်စီရှိနေကြပြီး နိုင်ငံရေးကိုယ်ခံအားကောင်းနေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာပြည်သူပြည်သားများသည် ယခုအချိန်တွင် အိန္ဒြေရရဖြင့် ကိုယ့်တိုင်းပြည်ကိုယ်တိုးတက်အောင်လုပ်၊ ကိုယ့်ရည်မှန်းချက်ခရီးကိုသွား၊ ကိုယ့်အားကိုယ်ကိုးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ တည်ဆောက်နေကြသူများသာ ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေးကိုရှေးရှုနေသည့် ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

မျက်ဝါးထင်ထင်တွေ့မြင်

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ရွှေ့နေ ဦးမောင်ပုက ဆွေးနွေးထောက်ခံ တင်ပြရာတွင်

တပ်မတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူလိုက်သည့် အချိန်မှစ၍ နိုင်ငံတော်ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်မှုကြောင့် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှု အတိုင်းအတာကို ပြည်သူများ မျက်ဝါးထင်ထင်မြင်တွေ့ရပြီး ဖြစ်ကြောင်း။

တရားစီရင်ရေးနှင့် ပတ်သက်လျှင်လည်း အချို့ခေတ်ကာလနှင့် မလျော်ညီသော အချို့အချက်များကိုပြောင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို ထုတ်၍ဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါကြောင်း။

ပြည့်စုံစွာထည့်သွင်းထား

တရားစီရင်ရေးနှင့်ပတ်သက်၍ အခြေခံမူ(၁၀၄)ချက်ထဲတွင် ပါဝင်သည့် အချက်အလက်များသည် ပြည့်စုံနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ အခြေခံမူ (၁၀၄)ချက်ထဲတွင် အသေးစိတ်ထပ်မံရှင်းလင်းထားသည့် တရားဥပဒေနှင့် ပတ်သက်သည့်အချက်များမှာလည်း ဘက်ပေါင်းစုံမှ အထူးပြည့်စုံစွာ ထည့်သွင်းထားသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း။

အလေးအနက်ထောက်ခံ

အနာဂတ်စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေး အတွက် ခိုင်မာသောဖွဲ့စည်းပုံ အခြေခံဥပဒေကိုရေးဆွဲနေသော အမျိုးသားညီလာခံကြီးသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအပေါင်းအတွက် အသက်တမျှအရေးကြီးပြီး အဓိကကျလှသဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့ တက်ညီလက်ညီပါဝင်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အာဏာသုံးရပ်ထဲတွင် တရားစီရင်ရေးအာဏာကို မှန်ကန်မျှတစနစ်တကျဖြင့် တိတိကျကျဥပဒေများချမှတ်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်မှာဖြစ်သည့်အ[...] ရေးကို အလေးအနက်ထောက်ခံပါကြော[...]

လေးစားအပ်တဲ့ သဘာပတိကြီးနှင့် [...] အသီးသီးမှ ကိုယ်စားလှယ်များ၊ အမျိုး[...] ထောက်ခံပွဲသို့ ကြွရောက်လာကြသည့်[...] ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါ[...] ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါကြောင်[...]

ဆက်လက်၍ ကရင်ပြည်နယ်မိခင်န[...] ဒေါ်နန်းစန်းမြင့်ရီက အမျိုးသားညီလာ[...] စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေ[...] သည် နိုင်ငံတော်အေးချမ်းသာယာရေးနှ[...] လမ်းညွှန်မှုဖြင့် အေးချမ်းသာယာပြီး ခေ[...] သစ်ကြီးကို တည်ဆောက်နေသည့် [...] တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရအ[...] ဖြစ်သည့် ကျေးလက်နေတိုင်းရင်းသားပြ[...] မြင့်မားလာအောင် ကျေးလက်ဒေသဖွံ့ဖြိ[...] အကောင်အထည်ဖော် ဆောင်ရွက်လျက်[...]

ဒီလိုဆောင်ရွက်နေရာတွင် နိုင်ငံတေ[...] နယ်အတွင်း ကျန်းမာရေးစောင့်ရှော[...] ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်တ[...]

ရောဂါနှိမ်နင်းရေးဆိုင်ရာ ဆောင်ရွ[...] တိုက်ဖျက်ရေးလုပ်ငန်း၊ တီဘီရောဂါတိုက်[...] တိုက်ဖျက်ရေးလုပ်ငန်း၊ ခုခံအားကျဆင်[...] ရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ တိုးချဲ့ကာ[...] ပျော့ခွေအကြောသေရောဂါ စောင့်ကြပ်[...] သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်[...] လျက်ရှိကြောင်း။

ကုသရေးလုပ်ငန်းများအနေဖြင့်လည[...] ခရိုင်၊မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအေးချမ်[...] အဆင့်ဆင့်၏ ပံ့ပိုးကူညီပေးမှုဖြင့် အထူးကုဆရာဝန်ကြီးများသည် ၂၀၀၅ ခုနှစ်အတွင်း ကျေးလက်ဒေသများသို့ (၁၃)ကြိမ်တိုင်တိုင် ကွင်းဆင်းသွားရောက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၂၅၁၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အောင်မြင်မှုများ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ တာဝန်ရှိသူ အသီးသီး၏ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲမှု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂ

ဒီမိုကရေစီအ[...]
နိုင်ငံတော်၊ [...]

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းစန္ဒာစိုး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ကြည်ကြည်ဦး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကိုထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘားအံမြို့မှ မြို့မိမြို့ဖ ကိုယ်စားလှယ် ဦးငွေစိုး အမျိုးသားညီလာခံအား ထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘားအံမြို့မှ ရှေ့နေဦးမောင်ပု အမျိုးသားညီလာခံ ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ရေးနှင့် ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ပူးပေါင်းဆောင်ရွက်မှုစွမ်းအားအပေါ်တည်မှီလုပ်ဆောင်လျက်ရှိ

သစ်ကြီး တည်ဆောက်နိုင်မှာဖြစ်သည့်အတွက် အမျိုးသားညီလာခံ အောင်မြင်ရေးကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

လေးစားအပ်တဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ အမျိုးသားညီလာခံအောင်မြင်ရေး ကြိုဆိုထောက်ခံပွဲသို့ ကြွရောက်လာကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

လက်အောက်ခံ အဖွဲ့အစည်းများနှင့်အခြားနိုင်ငံတကာမှ စေတနာရှင် လူမှုရေးအသင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီမှု၊ ပြည်သူလူထု၏ အသိတရားပြည့်ဝစွာ ဆောင်ရွက်မှုတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း။

အဓိကလိုအပ်ချက်ဖြစ်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပညာရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့အပြင် စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီ

သည့် ကျောင်းသားဦးရေနှင့် လိုက်လျောညီထွေစွာ ဆရာဦးရေ၊ ကျောင်းသားဦးရေများမှာလည်း တိုးတက် မြင့်မားလာကြောင်း၊ ယင်းအခြေအနေများကို မြန်မာနိုင်ငံပညာရေးကဏ္ဍ အခြေခံပညာရေးဖွံ့ဖြိုးမှုဆိုင်ရာ ကိန်းဂဏန်းများတွင် ထင်ရှားစွာတွေ့မြင်ရမှာ ဖြစ်ကြောင်း။

အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် တိုးတက်မြင့်မားလာစေရန် ဦးတည်ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များအရ ပေါ်ထွန်းလာမည့် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ

ဆက်လက်၍ ကရင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်နန်းစန်းမြင့်ရီက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့အခါသမယသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေသည့် အခါသမယဖြစ်ကြောင်း၊ ယင်းသို့ တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ လူဦးရေအများစုဖြစ်သည့် ကျေးလက်နေတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဒီလိုဆောင်ရွက်နေရာတွင် နိုင်ငံတော်အစိုးရလက်ထက်မှာ ကရင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး

ရောဂါနှိမ်နင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ လတ်တလောပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ထောက်လှမ်းကြည့်ရှုခြင်းလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကုသရေးလုပ်ငန်းများအနေဖြင့်လည်း ကရင်ပြည်နယ်အတွင်း ပြည်နယ်ခရိုင်၊မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်၏ ပံ့ပိုးကူညီပေးမှုဖြင့် အထူးကုဆရာဝန်ကြီးများသည် ၂၀၀၅ ခုနှစ်အတွင်း ကျေးလက်ဒေသများသို့ (၁၃)ကြိမ်တိုင်တိုင် ကွင်းဆင်းသွားရောက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၂၅၁၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အောင်မြင်မှုများ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ တာဝန်ရှိသူ အသီးသီး၏ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲမှု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂ

ဖြစ်ထွန်းရေးနှင့် တည်တံ့ရေးအတွက် နိုင်ငံသားများပညာရည်မြင့်မားရေးမှာ အထူးအရေးကြီးပြီး ပဓာနကျသည့် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း။

နိုင်ငံသားတိုင်း အခြေခံပညာသင်ယူမှု အခွင့်အလမ်းရရှိရေးနှင့် နိုင်ငံတော်၏ ပညာရေး အရည်အသွေးမြင့်မားတိုးတက်ရေးတို့အတွက် ပညာရေးလုပ်ငန်းများကို ပညာရေးမြှင့်တင်မှုအစီအစဉ်များဖြင့် အမျိုးသား ပညာရည်မြင့်မားရေး နှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ပြုစုပျိုးထောင်မွေးထုတ်

ပြည်နယ်နှင့်တိုင်းအသီးသီးအတွက်လည်းကောင်း၊ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်လည်းကောင်း လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးမှာ နိုင်ငံတော်၏ ပညာရေးမူဝါဒတစ်ရပ် ဖြစ်ကြောင်း။

အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ နယ်ပယ်ကဏ္ဍအစုံမှာ ထုနှင့်ထည်နှင့် အခိုင်အမာ ပေါ်ထွန်းလာစေရေးအပြင် နိုင်ငံသားတို့၏ အခြေခံ စာတတ်မြောက်ရေး၊ အစဉ်လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရေးတို့ကို ဟန်ချက်ညီညီ စီမံဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်မြင့်မားလာ

ယင်းကဲ့သို့ ပညာရေး တိုးတက်မှုအစီအစဉ်များ၊ အထူးအစီအစဉ်များ၊ လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဖြန့်ကြက်ပြီး ဆောင်ရွက်ပေးခဲ့သည့်အတွက် အခြေခံပညာရေး ဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်းကိန်းများဖြစ်သည့် ကျောင်းဝင်နှုန်း၊ ကျောင်းနေနှုန်း၊ အဆင့်လိုက် ထိန်းထားနှုန်း၊ အဆင့်လိုက် သင်ယူပြီးဆုံးနှုန်းများ တိုးတက်လာသကဲ့သို့ တိုးတက်လာ

ရေးဆွဲရေးကို ရှေးရှုဆောင်ရွက်နေသည့် အမျိုးသားညီလာခံအောင်မြင်ရန် ပြည်သူတစ်ရပ်လုံးက ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း ထောက်ခံဆွေးနွေး တင်ပြသွားသည်။

ဆီလျော်ညီညွတ်မှုရှိ

ထို့နောက် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ကြည်ကြည်ဦးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံတင်ပြရာတွင်–

ယနေ့နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ အကောင်အထည်ဖော်ဆောင်ရာမှာ မိမိတို့ဖြတ်သန်းခဲ့ပြီးဖြစ်သည့် နိုင်ငံတော်၏ အတိတ်သမိုင်းအတွေ့အကြုံများနှင့် လည်းကောင်း၊ မိမိတို့၏ ကိုယ်ပိုင်လက္ခဏာများနှင့်လည်းကောင်း၊ ဓလေ့ထုံးတမ်းများနှင့်လည်းကောင်း ဆီလျော်ညီညွတ်မှုရှိသည့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလများနှင့်ဆက်စပ်ပြီး နိုင်ငံတော်၏ ပကတိလိုအပ်ချက်များကို ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေပြီးဖြစ်သကဲ့သို့ လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများသည်လည်း ခိုင်ခိုင်မာမာပေါ်ထွန်းလျက် ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ရေးနှင့် ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားအပေါ် တည်မှီလုပ်ဆောင်လျက်ရှိကြောင်း။

ပူးပေါင်းပါဝင်ဆောင်ရွက်လုပ်ကိုင်

ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်စေရန် ငြိမ်းချမ်းရေးရရှိမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရယူနိုင်ခြင်းသည် ဘယ်ခေတ်၊ ဘယ်အခါ၊ ဘယ်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေပြုသည့် ငြိမ်းချမ်းမှုကို ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များသည် အစိုးရနှင့် လက်တွဲပြီး မိမိတို့ဒေသနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်လာသဖြင့် ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုများ မျက်ဝါးထင်ထင် ခံစားနေရပြီးဖြစ်ကြောင်း၊ မိမိတို့ကရင်ပြည်နယ်တွင် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးအဖွဲ့(ဒီကေဘီအေ)၊ ဖဒိုအောင်ဆန်း ဦးစီးသော ငြိမ်းချမ်းရေးအဖွဲ့၊ သံတောင်(မြောက်ပိုင်း/တောင်ပိုင်း) ငြိမ်းချမ်းရေးအဖွဲ့၊ ဦးစောသမူဟဲ ဦးစီးသည့် ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့တို့သည် ပြည်နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများမှာ ပူးပေါင်း ပါဝင်ဆောင်ရွက်လုပ်ကိုင်နေခြင်းကို ပြည်သူအများ သိရှိပြီးဖြစ်ကြောင်း။

တပ်မတော်အစိုးရလက်ထက် ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြရမည်ဆိုလျှင် ၁၉၈၈ ခုနှစ်မတိုင်မီ ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကဏ္ဍမှာ လမ်းအရှည်မိုင်ပေါင်း ၁၁၇၁မိုင် ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် လမ်းအရှည်မိုင်ပေါင်း ၄၀၈၂ မိုင်အထိကို တိုးတက် ဖောက်ပေးနိုင်ခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း ကရင်ပြည်နယ်အတွင်း ပေ ၁၈၀ အထက် တံတားကြီးများဖြစ်သည့် ဂျိုင်း– ကော့ကရိတ်တံတား၊ ဂျိုင်း– ဇာသပြင်တံတား၊ သံလွင်တံတား(ဘားအံ)တို့ကိုလည်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ဖော်ဆောင်ရေးအတွက် အရေးကြီးဆုံးဖြစ်သော အခြေခံ ဥပဒေရေးဆွဲချမှတ်နိုင်ရန် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

သဘောတူဆန္ဒပြု

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကို ရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၉နာရီတွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်နန်းစန်းမြင့်ရီ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘားအံမြို့မှ မြို့မိမြို့ဖ ကိုယ်စားလှယ် ဒေါက်တာအေးအေးခိုင် အမျိုးသားညီလာခံအား ထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

လားရှိုးမြို့က ဆင်းရွှေလီဘိုးဘွားဗိမာန်

အထက်မင်းလှ
ညွန့်အောင်

လားရှိုးမြို့ ရန်အောင်မြင်ရေးဟောင်းဆုတောင်းပြည့် စေတီတော် ခြေတော်ရင်းရှိ ဆင်းရွှေလီ ဘိုးဘွားဗိမာန်ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း- မောင်မောင်သန်း (ကော့မှူး)

တလောက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ သတင်းကိစ္စတစ်ခုဖြင့် သွားရောက်ခဲ့ရာ မပြန်ခင် တစ်ရက်၌ လားရှိုးမြို့ "ဆင်းရွှေလီ ဘိုးဘွား ဗိမာန်" သို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။ နေရာအတော်များများတွင် "ဘိုးဘွားရိပ်သာ"ဟု သုံးနှုန်းနေသည့်ကြားက "ဆင်းရွှေလီ ဘိုးဘွားဗိမာန်"ဟု အမည်ပေးထားခြင်းသည် အနည်းငယ်ဆန်းနေသည်။

ဆင်းရွှေလီဘိုးဘွား ဗိမာန်သည် ရန်အောင်မြင် ရေးဟောင်းဆုတောင်း ပြည့်ဘုရားခြေတော်ရင်း မြေကွက်လပ်၌ "E"ပုံသဏ္ဌာန် တည်ဆောက်ထားသော သစ်လွင်တောက်ပသည့် အဆောက်အအုံဖြစ်သည်။ သန့်ရှင်းသပ်ရပ်ပြီး ဆိတ်ငြိမ် အေးဆေးလှသည်။

ဆင်းရွှေလီ ဘိုးဘွားဗိမာန်သို့ ဝင်လိုက်လျှင်ပင် အဘိုးအဘွားတို့အတွက် အားတက်ဖွယ်ရာ စာစုကို ဖတ်လိုက်ရသည်။

၁။ အဘိုးတို့ အဘွားတို့ သီလကောင်း၍ အသက်ရှည်စွာ နေကြရသည်။

၂။ သို့သော် ကံမလှ၍ မ,စမည့်သူ၊ စောင့်ရှောက်မည့်သူ၊ ကျွေးမွေး ဧည့်ခံမည့်သူများ အားနည်း၍ အိုမင်းမစွမ်း တော့သည့် အချိန်ကျမှ စိတ်ဆင်းရဲရသည်၊ အားငယ်ရသည်၊ စိတ်ကျရသည်။

၃။ သို့သော် မပူပါနဲ့ အဘိုးတို့ အဘွားတို့-

မျိုးဆက်သစ် လူငယ်များက တစ်ချိန်က တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုး၊ ရပ်ရွာအကျိုးများ သယ်ပိုးခဲ့ကြသည့် ဘိုးဘိုး၊ ဘွားဘွားတို့အား ပစ်ပယ်မထားပါ။ မေ့မထားပါ။ လျစ်လျူရှုမထားပါ။ ရှမ်းမြောက်၏အလှ မြစ်ရွှေလီအတွင်း တသွင်သွင် စီးဆင်းနေသည့် မြစ်ရေလှိုင်းများကဲ့သို့ သားတို့ သမီးတို့၊ မြေး မြစ်တို့၏ နှလုံးသားမှ ရွှေရောင် အဆင်းရှိသော မေတ္တာရွှေရည်များဖြင့် ပက်ဖျန်း တည်ဆောက်ထားသော "ဆင်းရွှေလီ ဘိုးဘွားဗိမာန်" တွင် ဘိုးဘိုး၊ ဘွားဘွားတို့အား ကျွေးမွေးထားပါမည်။ ပြုစုစောင့်ရှောက်ထားပါမည်။ ပျော်ရွှင်ကြည်နူးအောင် စီစဉ်ပေးပါမည်။

ဘိုးဘိုး၊ ဘွားဘွားတို့ စိတ်ချမ်းသာစွာ၊ ကျန်းမာစွာ၊ နှလုံးကြည်သာစွာဖြင့် တရားဓမ္မကိုရှာရင်း ဤဗိမာန်တွင် အသက်ရှည်ရှည် နေကြပါလော့။

ကမ္ဘောဇခင်လှိုင်(လားရှိုး)

ဤစာစုကို ဖတ်ရှုရသဖြင့် "ဆင်းရွှေလီ ဘိုးဘွားဗိမာန်"၏ အဓိပ္ပာယ်မှာ ကောင်းစွာ ပေါ်လွင်နေပါပြီ။ တကယ်တော့ လားရှိုးမြို့ ဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့သူမှာ ဒေါက်တာ ကမ္ဘောဇ ခင်လှိုင် ဖြစ်သည်။ ဒေါက်တာ ကမ္ဘောဇ ခင်လှိုင်သည် လားရှိုးမြို့တွင် ပြည်နယ်ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ကျေးလက် တောရွာများသို့ ဆေးကုသထွက်ရင်း ခိုကိုးရာမဲ့ တိုင်းရင်းသား အဘိုး၊ အဘွားများကို တွေ့ခဲ့ရသဖြင့် ဘိုးဘွားရိပ်သာတစ်ခု တည်ထောင်ရန် ကြံစည် စိတ်ကူးခဲ့သည်။

ထိုအကြံအစည် စိတ်ကူးကို အကောင်အထည်ဖော်သည့်အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ကမ္ဘောဇခင်လှိုင် ဦးဆောင်လှုပ်ရှားကာ စေတနာရှင်၊ အလှူရှင်များ မတည်လျက် လားရှိုးမြို့ (၁၀)ရပ်ကွက် နမ္မတူလမ်းရှိ မြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်ပြီး ဘိုးဘွားရိပ်သာတစ်ခုကို ၂၅-၈-၁၉၈၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

လားရှိုးမြို့ဆင်းရွှေလီ ဘိုးဘွားဗိမာန်တွင် အသက်၁၀၃နှစ်ရှိ အဘွားတစ်ဦးအား ကျွေးမွေးပြုစု စောင့်ရှောက်ထားသည်ကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မောင်မောင်သန်း (ကော့မှူး)

ဘိုးဘွားရိပ်သာသည် အချိန်ကြာမြင့်လာသည်နှင့်အမျှ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်လာသဖြင့် အဆောက်အအုံနှင့် မြေနေရာအား ပြည်နယ်သို့ အပ်နှံခဲ့သည်။

ဘိုးဘွားရိပ်သာ အသစ်ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာအသစ်ရှာဖွေခဲ့ရာ ရန်အောင်မြင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိစိတ္တက မြေနေရာ လှူဒါန်းသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၏ ဦးဆောင်မှုဖြင့် အလှူရှင်များအား စည်းရုံးဆောင်ရွက်ခဲ့သည်။

တိုင်းမှူး၏ ဦးဆောင်မှုဖြင့် တန့်ယန်းမြို့နေ အလှူရှင်ဦးသန်းဝင်း မိသားစုက ခုတင်(၅၀)ဆံ့ ဆင်းရွှေလီ ဘိုးဘွားဗိမာန် အဆောက်အအုံသစ်ကို ကာလတန်ဖိုးငွေကျပ် သိန်း ၁၄၈၀ ကျော် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဆင်းရွှေလီ ဘိုးဘွားဗိမာန် အဆောက်အအုံသစ် မြေသန့်၊ ပန္နက်တင်၊ အုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားကို တိုင်းမှူးက ဦးဆောင်ပြီး ၁၅-၅-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပခဲ့၍ အဆောက်အအုံအား စနစ်တကျ တည်ဆောက်ခဲ့ရာ ၂၄-၁၀-၂၀၀၄ ရက်နေ့တွင် အောင်မြင်စွာ တည်ဆောက် ပြီးစီးခဲ့သည်။

ဤဆင်းရွှေလီ ဘိုးဘွားဗိမာန် အဆောက်အအုံသစ်ကြီးကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဒေါက်တာ ကမ္ဘောဇ ခင်လှိုင်နှင့် အလှူရှင်ဦးသန်းဝင်းတို့က ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော်၂ရက်နေ့(၂၀၀၄ခုနှစ် အောက်တိုဘာ ၃၀ရက် စနေနေ့)မင်္ဂလာအချိန်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဘိုးဘွားရိပ်သာ တည်ဆောက်လှူဒါန်းရသော ကုသိုလ်သည် ထူးကဲမွန်မြတ်လှသည့် ထာဝရ အလှူတစ်မျိုးဖြစ်သည်။ မြတ်စွာဘုရား ဟောကြားသည့် ထာဝရအလှူခြောက်မျိုးမှာ-

၁။ သစ်သီးအရန်၊ ပန်းအရန် စိုက်ပျိုးလှူဒါန်းခြင်း၊

၂။ အရိပ်ကောင်း ဖြစ်ထွန်းရရှိပါစေဟူသော စေတနာဖြင့် သစ်ပင်စိုက်ပျိုးလှူဒါန်းခြင်း၊

၃။ တံတားခင်း၍ လှူဒါန်းခြင်း၊

၄။ ရေအိုးစင်လှူဒါန်းခြင်း၊

၅။ ရေတွင်းရေကန်၊ ဆည်မြောင်းများတူးဖော်လှူဒါန်းခြင်း၊

၆။ ဂူ၊ ကျောင်း၊ ပြာသာဒ်၊ ဇရပ်၊ တန်ဆောင်း၊ အဆောက်အအုံ ဆောက်လုပ်တို့ကို လှူဒါန်းခြင်း တို့ ဖြစ်ပါသည်။

ဘိုးဘွားရိပ်သာ အဆောက်အအုံ ဆောက်လုပ် လှူဒါန်းခြင်းသည် ကွန်းခိုနားနေစရာ မရှိသော အဘိုးအဘွားများအား နားခိုစရာ အရိပ် **ဆာယာ** ပေးသော **သေနာသန** အလှူဖြစ်ပါသည်။ ထို့ကြောင့် ဘိုးဘွားရိပ်သာများ ဆောက်လုပ်လှူဒါန်းခြင်းသည် ထူးကဲမွန်မြတ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ အဆောက်အအုံရှိမှသာ အဘိုးအဘွားများ မိုးတင်းနေထိုင်နိုင်မည်။ ဘိုးဘွားရိပ်သာများကိုလှူဒါန်းမှ အဘိုးအဘွားများကောင်းမွန်စွာ စားသောက်နိုင်မည်။ ကောင်းမွန်စွာတရား အားထုတ်နိုင်မည်။ အေးချမ်းစွာ အနားယူနေထိုင်နိုင်မည် ဖြစ်သည်။ ဘိုးဘွားရိပ်သာများကို လှူဒါန်းခြင်းသည် ဘိုးဘွားများကို စောင့်ရှောက်ခြင်းဖြစ်သည်။ ဘိုးဘွားများကို စောင့်ရှောက်ခြင်းသည် မိအိုဘအိုများကို စောင့်ရှောက်ခြင်း မည်ပါသည်။ ဘိုးဘွားများကို စောင့်ရှောက်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည့်အပြင် လူလူချင်း ထောက်ထားစာနာတတ်သည့် မြန်မာလူမျိုးတို့၏ အမျိုးသားယဉ်ကျေးမှုပြယုဂ်လည်းဖြစ်ပါသည်။

ဆင်းရွှေလီ ဘိုးဘွားဗိမာန်သည် တောင်ပေါ်ဒေသတွင် အမှီအခိုကင်းမဲ့နေသော ဘိုးဘွားများအား အရိပ် **ဆာယာ** ပေးသော ဗိမာန်ကြီးတစ်ခု ဖြစ်ပါသည်။ အမှီအခို ကင်းသော၊ အသက်(၆၅)နှစ်အထက်ဘိုးဘွားများကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ထောက်ခံချက်များဖြင့် စောင့်ရှောက် လက်ခံလျက်ရှိသည်။

ယခုဆင်းရွှေလီဘိုးဘွားဗိမာန်တွင် အဘိုးရှစ်ယောက်၊ အဘွား ၂၁ယောက် စုစုပေါင်း ၂၉ယောက် ရှိပါသည်။ အဘိုးအဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးကအစ အဆင်ပြေချောမွေ့စေရန် စနစ်တကျ စီမံဆောင်ရွက်ပေးထားသည်။ ဘိုးဘွားဗိမာန်သည် အဘိုးအဘွားများ၏ ဘဝ သာယာစိုပြည်ရေး၊ ပျော်ရွှင်ရေးအတွက် အဓိက စီမံဆောင်ရွက်ထားသည့်အပြင် အဘိုးအဘွားများအား ကုသိုလ်ကောင်းမှုပြုနိုင်ရေး၊ တရားဓမ္မ ကျင့်ကြံပွားများနိုင်ရေးအတွက် တစ်နေ့တာတွင် တရားသုံးကြိမ်ထိုင်ရန် စီမံဆောင်ရွက်ထားပါသည်။ နံနက် ၇နာရီမှ ၇နာရီခွဲအထိတစ်ကြိမ်၊ မွန်းတည့် ၁၂နာရီမှ ၁၂နာရီခွဲအထိ တစ်ကြိမ်၊ ညနေ ၅နာရီမှ ၅နာရီခွဲ အထိတစ်ကြိမ်ဖြစ်ပါသည်။

ဆင်းရွှေလီ ဘိုးဘွားဗိမာန်သည် ခိုကိုးရာမဲ့ အဘိုးအဘွားများ၏ဘဝ သာယာစိုပြည်ပျော်ရွှင်ချမ်းမြေ့စေရေးကို ပြည့်စုံစွာ စီမံဆောင်ရွက်ပေးထားသည်။ "ဆယ်ဘဝ ကြိုးစားရင်တောင် ဒီလို နေနိုင်မှာ မဟုတ်ပါဘူး" ဟု အဘွားတစ်ဦးက စာရေးသူအား ပြောပြသည်။

မှန်ပါသည်။ သက်ကြီးရွယ်အိုများ၏ဘဝ ယခုကဲ့သို့သာယာစိုပြည်နိုင်ရေးမှာ အလွန်တရာ အရေးကြီးပါသည်။ အသက်ကြီးခါမှ မှီခိုရာမဲ့ပြီး ဒုက္ခရောက်နေသော သက်ကြီးရွယ်အိုများဘဝကို ခံစားကြည့်စေလိုပါသည်။

လူသည် တစ်နေ့အိုရမည်မှာ မုချပင်။ သည်အခါမျိုးတွင် စိတ်သွားတိုင်းကိုယ်မပါ။ လိုရာမရဖြစ်သည့်အပြင် လူရာမဝင်၊ ဘဝင်ညှိုးတတ်သည်ကို လယ်တီပဏ္ဍိတ ဦးမောင်ကြီးက အောက်ပါအတိုင်း ရေးဖွဲ့ခဲ့သည်။

လားရှိုးမြို့ ဆင်းရွှေလီဘိုးဘွား ဗိမာန်တွင် အဘိုးအဘွားများအား စိတ်ချမ်းမြေ့စေရန် ဤသို့ ပြုစု စောင့်ရှောက်ပေးလျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း-မောင်မောင်သန်း (ကော့မှူး)

တည်သန္ဓေ လက်ရင်းကြောင့်၊
ခက်ခြင်းကြီးခက်ချေ၊
ပျက်ယွင်းပြီး ပျက်ကြွေတယ်၊
ကျက်သရေမဲ့ရေး၊
ဝင့်ဇာတိအစလာလျှင်၊ ဇရာ့တာဆိုက်ရမည့်ဘေး။
သွားကျိုးလို့ပါးပိန်၊ အားအရှိန်ပျက်သေး၊
စားမမြိန်စက်မမွေးနိုင်ဘု၊ အခက်ရေး တန်တန်၊
ဆံဖြူတွေရှုပ်ပွေစွရယ်နဲ့၊ ဒုက္ခေန ဒုက္ခတစ်ရန်။
တုန်ချည့်ချည့် မှုန်မျက်စိ ခါးကိုင်းဟန်၊
နားထိုင်းပြန်ယိုယွင်းလို့၊
အိုမင်းမှု ကုန်းကွဇရာ၊ သုံးမကျပါ၊
သေမင်းက မယူတာတောင်၊
လူအရာမဝင်ဘူးကွယ့်လေး--။

ထို့ကြောင့် အရွယ်ရှိသူများ မျိုးဆက်သစ် လူငယ်များအနေဖြင့် သက်ကြီး ရွယ်အို အဘိုးအဘွားများကို စောင့်ရှောက်ခြင်းသည် အမျိုးသားယဉ်ကျေးမှု တစ်ရပ်၊ အမျိုးသားရေးတာဝန်တစ်ရပ်ဟုခံယူကာ အလေးအနက်ထား လုပ်ဆောင်သင့်လှသည်။ လားရှိုးမြို့ဆင်းရွှေလီဘိုးဘွားဗိမာန်ကို ဂုဏ်ထူးဆောင် နာယကများအဖြစ် ဗိုလ်ချုပ်မြင့်လှိုင်- ဒေါ်ခင်သန့်စင်၊ ဒေါက်တာကမ္ဘောဇခင်လှိုင်-ဒေါ်ခင်ရီ၊ ဦးသန်းဝင်း-ဒေါ်ရန်ကျင်ပန်းတို့က အကြီးအမှူးပြုကာ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့် ဦးဆောင်သော နာယကအဖွဲ့က စီမံကွပ်ကဲလျက် ရှိသည်။

တာဝန်ရှိသူများ၏ စနစ်တကျ စီမံဆောင်ရွက်မှုကြောင့် ဆင်းရွှေလီ ဘိုးဘွား ဗိမာန်သည် တောင်ပေါ်မြေမှာပွင့်သော ပန်းများပမာ လန်းဆန်းရှင်သန်လျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများဖွင့်၍ သက်ကြီးရွယ်အိုများ စောင့်ရှောက်သည့် လုပ်ငန်းကို လွန်ခဲ့သော နှစ်ပေါင်း ၉၀ကျော်ကပင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘိုးဘွားရိပ်သာ ၅၂ခုရှိ၍ ဘိုးဘွား ၂၁၉၆ဦးကို စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။ ကမ္ဘာနှင့်အဝန်း နေ့စဉ်နှင့်အမျှ သက်ကြီးရွယ်အိုများ တိုးပွားလျက်ရှိသည့် နည်းတူ မြန်မာနိုင်ငံတွင်လည်း တိုးပွားလျက်ရှိသည်။ ၂၀၀၄ခုနှစ် စာရင်း များအရ မြန်မာနိုင်ငံ လူဦးရေ ၅၄သန်းကျော်ရှိသည့် အနက် အသက် ၆၀နှင့်အထက် လူဦးရေမှာ ၄ဒသမ၄၆သန်း ရှိသည်။

၂၀၂၀ ပြည့်နှစ်တွင် အသက်(၆၀)နှင့် အထက် လူဦးရေမှာ ၇ဒသမ ၈သန်းရှိလာမည် ဖြစ်ကြောင်း ခန့်မှန်းကြသည်။

သက်ကြီးရွယ်အို အဘိုးအဘွားများသည် နှစ်စဉ်တိုးပွားလျက်ရှိသည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာနှင့်အဝန်း တိုးပွားများပြားလျက်ရှိနေကြသည်။ ထို့ကြောင့် တိုးပွားများပြားလာသော သက်ကြီးရွယ်အိုများ၏ ဘဝ သာယာစိုပြည်ရေးမှာ အလွန်တရာ အရေးကြီးသည့် အနေအထားတွင် ရှိနေပါသည်။

ထို့ကြောင့်လည်း ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးအနေဖြင့် နှစ်စဉ် အောက်တိုဘာလ ၁ရက်နေ့ကို ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး သက်ကြီးရွယ်အိုများဘဝ သာယာစိုပြည်လုပရေး အတွက် အောက်ပါ မူကြီးငါးချက်ကို ချမှတ်ထားသည်-

- အခြေခံလိုအပ်ချက်များ ပြည့်စုံစေ၍ မိမိကိုယ်တိုင် ရပ်တည်နိုင်ရေး၊
- လူမှုရေးနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများတွင် ပါဝင်ဆောင် ရွက်ခွင့်ရရှိရေး၊
- ကြီးသူနှင့်ငယ်သူ အပြန်အလှန် စောင့်ရှောက်မှု ပြုကြရေး၊
- ၎င်းတို့၏ စွမ်းရည်နှင့် အခွင့်အလမ်းအား ၎င်းတို့ကိုယ်တိုင် ဖြည့်ဆည်းနိုင်ရေး၊
- ဂုဏ်သိက္ခာရှိရှိနှင့် လုံခြုံမှုရှိစွာ ရပ်တည်ခွင့်ရရှိရေး။

မြန်မာနိုင်ငံအနေဖြင့်မူ မျိုးရိုးဗီဇအရ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအရ ကြီးသူကို ငယ်သူက လေးစား၊ ဂါရဝ၊ နိဝါတော စ ဗုဒ္ဓအဆုံးအမ ရင်ဝယ်ထား၊ မေတ္တာကရုဏာပွားများ၊ ကြင်နာသနားတတ်သော နှလုံးသားပိုင်ရှင် များဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများအနေဖြင့် လည်းကောင်း သက်ကြီးရွယ်အိုများကို စောင့်ရှောက်လျက်ရှိကြသည်။

ယင်းတို့အထဲတွင် ဆင်းရွှေလီ ဘိုးဘွားဗိမာန်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ဘိုးဘွားရိပ်သာများကို ထောက်ပံ့လှူဒါန်းခြင်းသည် အဘိုးအဘွားများကို ထောက်ပံ့လှူဒါန်း ခြင်းပင် ဖြစ်သည်။

"ဘုရားရှင်ကို၊ ချစ်ကြည်ညိုက၊ သက်အိုကြီးသား၊ ဘိုးဘွားများကို၊ မေတ္တာပို၍၊ ရှိသေလေးမြတ်၊ လုပ်ကျွေးအပ်၏"ဟု ဆိုစကားနှင့်အညီ သက်ကြီးရွယ်အို၊ မိဘဘိုးဘွားများကို တတ်အားသမျှ ထောက်ပံ့ချီးမြှင့် စောင့်ရှောက်ခြင်းဖြင့် ဘုရား၏ အလိုကျ၊ တရား၏အလိုကျ၊ မြတ်သော ကုသိုလ်ဒါနတို့ ပြုအပ်လှပေသည်။

သို့အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ဆင်းရွှေလီ ဘိုးဘွားဗိမာန်သို့ ကုသိုလ်ဒါနပြုလိုကြသော သူတော်ကောင်းအပေါင်းတို့သည် ဘိုးဘွားများ နေ့စဉ် စားသောက်ရေး အတွက် အလှူငွေများနှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

ကျမ်းစာအုပ်ရိုက်နှိပ်ရန် အလှူငွေများ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောရွာ စမ်းအေးမြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသာ ဘိဝံသက ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ရေးသားတော်မူသော ဒါတုတ္တသင်္ဂဟပါဠိနိဿယ ကျမ်းစာအုပ် ၁၀၀၀ ရိုက်နှိပ်ပူဇော်ရန်အတွက် နဝကမ္မအလှူတော်ငွေကျပ် ၂၄သိန်းပေးအပ်လှူဒါန်းပွဲကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကျင်းပသည်။

အဆိုပါ နဝကမ္မအလှူတော်ငွေများကို ရွှေကျင်နိကာယစာပေထိန်းသိမ်းရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး သာသနာပိုင် ဝါဆိုဆရာတော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းတုန်းမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးအပ်ပွဲကို ဇန်နဝါရီ၇ရက်တွင် ဗိုလ်တထောင်ဘုရားအနီးရှိ ပတ္တမြားကျောင်းတိုက်၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်သိန်းနှင့်အသင်းသူအသင်းသားများက သက်ကြီး အဘိုးနှင့် အဘွားများအား ကန်တော့ပစ္စည်းပေးအပ်စဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စာရေးဆရာမကြီးဒေါက်တာမတင်ဝင်း၏ **"အထွတ်အထိပ်သို့ လမ်းရိုးမှတက်ခြင်း"** ဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးဒေါ်တင့်တင့်နှင့်ဆရာမများ၊ ကျောင်းသူ ၇၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်များအဖွဲ့ဝင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းက **"အထွတ်အထိပ်သို့ လမ်းရိုးမှတက်ခြင်း"** ခေါင်းစဉ်ဖြင့် အကျယ်တဝင့် ဟောပြောသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်က ကျေးဇူးတင်စကားပြောကြားပြီး စာရေးဆရာမကြီးဒေါက်တာမတင်ဝင်းအား ဟောပြောပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ ဟောပြောပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက် သယံဇာတကဏ္ဍ

တပ်မတော်အစိုးရလက်ထက် သတ္တုတွင်းထွက် သယံဇာတများတိုးတက်ထွက်ရှိ

သတ္တုတွင်းထွက်သယံဇာတများ တိုးတက်ထွက်ရှိလာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေမြေသဘာဝ သယံဇာတပေါများ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေမြေသည် အလွန်အဖိုးတန်သော သယံဇာတများဖြစ်၍ ထိရောက်စွာအသုံးချနိုင်သည်နှင့်အမျှ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုပေသည်။

မြေသယံဇာတများ

မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ကုန်းမြင့်နှင့် တောင်တန်းဒေသများ၊ တနင်္သာရီတောင်တန်းဒေသတို့သည် သက်ရင့်ကျောက်များဖြင့်ဖြစ်တည်နေသော မြေသယံဇာတများဖြစ်သည်။ ထို့ကြောင့် အဆိုပါ ဒေသများတွင် ပတ္တမြား၊ နီလာ၊ ကျောက်နီစသော အဖိုးတန်ကျောက်မျက်ရတနာများနှင့် ငွေ၊ ခဲ၊ သွပ်၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ကြေးနီ၊ ခရိုမိုက်၊ပလက်တီနမ်နှင့် မဂ္ဂနီး(စ်)စသော တွင်းထွက်ပစ္စည်းများ ထွက်ရှိပေသည်။

မြန်မာနိုင်ငံ၏မြောက်ပိုင်း ကချင်ပြည်နယ်ရှိ သက်ရင့်ကျောက်များမှ အဖိုးတန်ကျောက်စိမ်းရတနာများ ထွက်ရှိသည့်အပြင် ရွှေနှင့် အခြားတွင်းထွက်ရတနာများလည်း အမြောက်အမြား ထွက်ရှိပေသည်။ တပ်မတော်အစိုးရလက်ထက်တွင် အဆိုပါ အဖိုးတန်တွင်းထွက် ရတနာများ တိုးတက်ထွက်ရှိစေရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ကိုင်ခြင်း၊ လုပ်ကွက်များ ချထားပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ သတ္တုတွင်းထွက် သယံဇာတများ နှစ်စဉ်တိုးတက် ထွက်ရှိလာပေသည်။

ရှာဖွေဖော်ထုတ်လျက်ရှိ

တပ်မတော်အစိုးရ လက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အဖိုးတန်တွင်းထွက်သယံဇာတများကို နှစ်စဉ်ရှာဖွေဖော်ထုတ်လျက်ရှိသဖြင့် သတ္တုတွင်းထွက် သယံဇာတများ ယခင်နှင့်မတူ တိုးတက်ထွက်ရှိလာမှုတို့ကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာ ထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အဖိုးတန်တွင်းထွက်သယံဇာတများကို နှစ်စဉ် ရှာဖွေဖော်ထုတ်လျက်ရှိရာ စစ်ကိုင်းတိုင်း မုံရွာခရိုင် စပယ်တောင်၊ ကြေးစင်တောင်၊ ကြေးနီစီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ဤသို့ ကျင်းပခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တိုးတက်ထွက်ရှိလာသော သတ္တုတွင်းထွက်သယံဇာတများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ရွှေစင်ထွက်ရှိမှု(ထရိုင်အောင်စ)	၄၃၈ဒသမ၇၈	၄၂၃၇	၃၇၉၈
၂	ရွှေကြမ်းထွက်ရှိမှု(ထရိုင်အောင်စ)	၈၁၈ဒသမ၉၁	၂၆၈၄	၁၈၆၉
၃	သန့်စင်ခဲမဖြူထွက်ရှိမှု(မက်ထရစ်တန်)	၂၄၁ဒသမ၂၄	၄၉၃	၂၅၂
၄	ခဲသတ္တုရိုင်းထွက်ရှိမှု(မက်ထရစ်တန်)	-	၂၀၉	၂၀၉
၅	သွပ်သတ္တုရိုင်းထွက်ရှိမှု(မက်ထရစ်တန်)	-	၆၀၂၀	၆၀၂၀
၆	ခဲသွပ်သတ္တုရိုင်းထွက်ရှိမှု(မက်ထရစ်တန်)	-	၄၂၇၃	၄၂၇၃
၇	ခဲသွပ်သတ္တုသန့်စင်ထွက်ရှိမှု(မက်ထရစ်တန်)	-	၂၂၈	၂၂၈
၈	ကြေးနီကြမ်းထွက်ရှိမှု(မက်ထရစ်တန်)	-	၂၉	၂၉
၉	ထုံးကျောက် (စက်မှု)ထွက်ရှိမှု(မက်ထရစ်တန်)	၆၇၄၁၆	၂၁၅၈၃၄	၁၄၈၄၁၈
၁၀	ထုံးကျောက်(အလှဆင်) ထွက်ရှိမှု(မက်ထရစ်တန်)	-	၂၇၆၂	၂၇၆၂



မောင်တို့မယ်တို့ချစ်တဲ့ တို့တိုင်းပြည် စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၏ **"မောင်တို့မယ်တို့ချစ်တဲ့ တို့တိုင်းပြည်"** စာအုပ်သည် ယနေ့ခေတ် လူငယ်များအား အသိပညာ ဗဟုသုတမြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ ရှင်သန်ပေါက်ဖွားရေးနှင့် ရိုးသားကြိုးစားပြီး မိဘကျေးဇူး အထူးသိတတ်သော သားကောင်းသမီးမွန်တို့ ဖြစ်စေရေးအတွက် ညွှန်ပြပေးသောကြောင့် လူကြီးလူငယ်မရွေး လက်ဝယ်ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ၎င်းစာအုပ်ကို ဂုဏ်ထူးစာပေတိုက်က ဖြန့်ချိမည်ဖြစ်ပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၁၁၀၀ ဖြစ်သည်။

(သတင်းစဉ်)

ပဋ္ဌာန်းတရားတော်နှင့် ပစ္စယနိဒ္ဒေသ သင်တန်းပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၁၁

သာသနာရေးဝန်ကြီးဌာန အဘိဓမ္မာဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းက နှစ်စဉ်ပို့ချမြဲ ပဋ္ဌာန်းတရားတော် ပစ္စယနိဒ္ဒေသ သင်တန်းကို ၁၃၆၇ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက် ဇန်နဝါရီ၁၄ရက် (စနေနေ့)မှစ၍ အပတ်စဉ် စနေ၊တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂နာရီမှညနေ ၃နာရီအထိ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမဆောင် အောက်ထပ်၌ သင်တန်းမှူး ဆရာတော်ဘဒ္ဒန္တဝါယမသာရနှင့် သင်တန်းနည်းပြဆရာတော် ဘဒ္ဒန္တဇောတိက အရှင်မြတ်တို့က ဓမ္မဒါန ပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသော ပုဂ္ဂိုလ်များသည် သာသနာရေးဦးစီးဌာန ပုဗ္ဗဝိဒေဟကျောင်းဆောင် ဖုန်း-၆၆၆၁၄၈သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုင်အမ်ဘီအေအသင်း မိဘမေတ္တာဂုဏ်ပြုဟောပြောပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဝိုင်အမ်ဘီအေ နှစ်(၁၀၀)ပြည့်ပွဲတော်အကြိုအဖြစ် မိဘမေတ္တာဂုဏ်ပြုဟောပြောပွဲကို ဇန်နဝါရီ၁၃ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းအမှတ် ၇၇ ရှိ အသင်းခန်းမ၌ ကျင်းပဖြစ်ရာ စာရေးဆရာ နန္ဒသိန်းဇံနှင့် စာရေးဆရာမခင်ဆွေဦးတို့က ဟောပြောကြမည်ဖြစ်ပြီး အသင်းဝင်များ၊ စာပေမိတ်ဆွေများအား ဖိတ်ကြားထားကြောင်း သိရသည်။

(၃၅၂)

လမ်းမတော်မြို့နယ် အလက (၁) ခန်းမတွင် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၂၆ ရက်ကကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကို၊ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးတင့်နှင့် အလက(၁) ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

● *ကျောဖုံးမှ*

ယနေ့ခေတ်ကာလကဲ့သို့ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများက ဦးဆောင်ပြီး အစစအရာရာကို ပြောင်းလဲတိုးတက်စေနေသည့် အချိန်အခါကာလတွင် မိမိနိုင်ငံ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံသူနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်းများအပြင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းစေမှုသည်လည်း ပဓာနကျသည့် လိုအပ်ချက်တစ်ရပ်ပင်ဖြစ်ကြောင်း။

ရည်မှန်းချက်ရှိရှိ

ထို့ကြောင့် တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် ဖြစ်စဉ်နှင့်အသိပညာခေတ်တို့၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရန် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အသိပညာအခြေခံသော စဉ်ဆက်မပြတ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်လာစေရန် ပညာရေးကဏ္ဍက ရည်မှန်းချက်ရှိရှိဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံသူနိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှုအခွင့်အလမ်းညီမျှစွာရရှိနိုင်စေရန် အဆင့်မြင့်အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ရွေးချယ်သင်ယူနိုင်သည့် အခြေခံများဖြစ်ထွန်းလာစေရန်နှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သည့် ပညာရေးပတ်ဝန်း ကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤအခြေခံကောင်းများ ဖြစ်ထွန်းလာစေရေးအတွက်လည်း အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများဖြစ်သည့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရောနစ်စနစ်များကို တစ်နိုင်ငံလုံးဖြန့်ကြက်တည်ဆောက်ပေးထားပြီး ဖြစ်သကဲ့သို့ ဆက်လက် တည်ဆောက်ပေးလျက်လည်းရှိကြောင်း။

ဖြန့်ကြက်ဖွင့်လှစ်

အခြေခံပညာကဏ္ဍအနေဖြင့် ကြည့်မည်ဆိုလျှင် စာသင်ကျောင်းပေါင်း ၄၀၅၀၀ ကျော်ကို နယ်စပ်ဒေသနှင့် ကျေးလက်အစွန်အဖျား ဒေသများပါမကျန် ဖြန့်ကြက်ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အပြင် အခြေခံပညာကျောင်းပေါင်း ၁၆၅၇ ကျောင်းတွင် Multi-Media Classroom များဖွဲ့စည်းထူထောင်ပေးထားပြီး ဖြစ်ကြောင်း။ ထို့အပြင် တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်းများပါဝင်သည့်နေရာဒေသ ၆၂၄ ခုတွင် e-Education Learning Centre များ ထူထောင်ပေးထားပြီး ဖြစ်ကြောင်း။

ထို့ကြောင့် သင်ယူမှု၊ သင်ကြားမှုနယ်ပယ်တွင် အီလက်ထရောနစ် နည်းပညာရပ်များ၏ အကျိုးကျေးဇူးကြောင့် အချိန်ကာလနှင့် ဒေသအကန့်အသတ်များကို ကျော်လွှားပြီး မြို့ပြနှင့်ကျေးလက်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီညီ မျှမျှ ဖြစ်ပေါ်လာလျက်ရှိနေပြီဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရန်ဖြင့် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရန်ရပ်ရွာကို စည်းရုံးပြီး တက်တက်ကြွကြွ ဦးစီးဦးဆောင်ကြရန် လိုအပ်ကြောင်း။ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေသည့် ကျောင်းသူ ကျောင်းသားများအတွက် သာမက ဆရာ ဆရာမများ၏ စိတ်ဓာတ်မြင့်မားရေးအတွက်ပါ အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံ့သားကောင်းသမီးမွန်

စာသင်ကျောင်းများ အင်္ဂါရပ်ပြည့်စုံသည့်အပြင် ပညာရေးအရည်အသွေးမြင့်မားရေးအတွက်လည်းအားထုတ်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ဆရာ ဆရာမများကိုယ်တိုင်ပညာရပ်ဆိုင်ရာများကိုကျွမ်းကျွမ်း ကျင်ကျင်တတ်ကျွမ်းပြီး မိမိတို့တပည့်ကျောင်းသူ ကျောင်းသားများကိုလည်း အမှန်တကယ်တတ်မြောက်အောင်၊ လိမ္မာရေးခြားရှိအောင်၊ ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းနှင့် နိုင်ငံတော်၏တရားဥပဒေတို့ကို လေးစားလိုက်နာ တတ်အောင် မျိုးချစ်စိတ်ရှိအောင်၊ အမျိုးအနွယ်စောင့်သိတတ်အောင် ငယ်စဉ်အခါကသင်ကြားပေးပါမှ အရွယ်ရောက်လာသည့်အခါတွင် မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်သည့် ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်လာမည်ဖြစ်ကြောင်း။

ယနေ့ခေတ်ကာလတွင် အမျိုးသားပညာရည်မြင့်မားမှုသည် မိမိနိုင်ငံ မိမိလူမျိုးရှင်သန်တိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးသည်လည်း ပြည်ထောင်စုကြီးအရှည် တည်တံ့ခိုင်မြဲရေးအတွက် အဓိက အသက်သွေးကြောဖြစ်တယ်ဆိုသည်ကို လေးလေးနက်နက်ခံယူပြီး မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် ပြည်ထောင်စုကြီးကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ရှိရှိဖြင့် မိမိတို့၏ ပညာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ကြိုးပမ်းထမ်းဆောင်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်သွားမည့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပညာရေးကဏ္ဍက ပြုစုပျိုးထောင် မွေးထုတ်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တိုးတက်ဖြစ်ထွန်းမြင့်မားလာစေရအောင် ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟုလည်း တစ်ဆက်တည်း တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **အမျိုးသားပညာရည်မြင့်မားမှုနှင့်တကွ မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြပါ**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ။**

ဟု တိုက်တွန်းမှာကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄)မှ သင်တန်းသား သင်တန်းသူ ဆရာဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုဖွင့်လှစ်လိုက်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းသို့ အထက်မြန်မာပြည် ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမပေါင်း ၁၀၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား(၂) မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ ကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၃၄) ကြိမ် တရားစခန်းပွဲတွင်လည်း ပုပ္ပား (၂) မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ LL,B) ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ် ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ) တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင်ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် ပြာသိုလပြည့်ကျော် ၃ ရက် ဇန်နဝါရီ ၁၆ ရက်(တနင်္လာနေ့) ညနေအရောက်လာကြရန်နှင့် လူကိုယ်တိုင် ဖြစ်စေ ဖုန်း–၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၁)ကို ဖြန့်ချိထားသည်။ **(ယာပုံ)**

နောင်၊ တက္ကသိုလ် မောင်မောင်ခင်၊ မြင်းမူမောင်နိုင်မိုး၊ နေမျိုးသန့်၊ ကျော်စွာသူ(သာယာဝတီ)၊ မောင်မောင်(မုံရွာ)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ဝင့်ဝါထွန်း(ဂန္ဓဝင်ကုန်း)၊ ကြည်ထွန်း(ကျောက်ပန်းတောင်း)၊ မနွယ်(ကလော)၊ ပွင့်မွန်မွန်သိမ်းတို့၏အဖွင့်ကဗျာများ၊ ကြူနွှဲဆွေ၊ စောမုံညင်း၊ တက္ကသိုလ် တင်ခ၊ မြင့်သိန်းအောင်၊ ပခုက္ကူဦးအုံးဖေ၊ အရှင်မဟောသဓပဏ္ဍိတ၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ခင်ဆွေမြင့်(မြန်မာစာ)၊ ချစ်နိုင်(စိတ်ပညာ)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ရဲရင့်တင့်ဆွေ၊ မင်းဗထူး၊ ဗိုလ်ကလေးတင့်အောင်၊ အောင်ဇင်၊ မောင်တင်လှိုင်(ဟိုတယ်ခရီး)၊ ဝင်းနိုင်သောင်း၊ ပြေအေး(မြင်းမူ)၊ လယ်တွင်းသားစောချစ်၊ စိုးမြင့်ငြိမ်း၊ ခင်ဇ(စက်မှု)၊ ပန်းတနော်စောလွင်၊ တက္ကသိုလ်စိုးယဉ်၊ ကျော်ဇောဟိန်း(ဒေါပုံ)တို့၏ ဆောင်းပါးများ၊ ခမ်းစုဝင်းကြည်(သီပေါ)၏အခန်းဆက်ဝတ္ထုရှည်၊ မမ (တရားရေး)၊ သျှီ(အင်ကြင်း)၊ ထက်ထက်ဦးဝေ၊ ကိုသက်(ဇီးကုန်း)၊ ကိုထွေး(ကလောဂျီတီအိုင်)တို့၏ ဝတ္ထုတိုများ၊ စိုးစံ၊ မောင်နေမွန်၊ ကျော်ကျော်လွင်၊ ဟာမိုနီတို့၏ ကာတွန်းများအပြင်၊ ဗုဒ္ဓစာဥယျာဉ်၊ တောလေ့ စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍနှင့် ပုံပြင်ကဏ္ဍ စုံလင်စွာတင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်း ကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

ကမာရွတ်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၅ခုနှစ် မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ၃၁ရက် နံနက်၁၀နာရီက အမက (၄) ကမာရွတ်မြို့နယ်ရှိ မဋ္ဌူသကခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးစည်သူနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အမှုဆောင်သစ်များကိုရွေးချယ်ကြရာ အမှုဆောင်အဖွဲ့သစ်တွင် ဥက္ကဋ္ဌ ဦးလှသွင်(ကိုကိုလှ–ကမာမြေ)၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဌေး(ထီယု)၊ အတွင်းရေးမှူး ဦးကျော်မြင့်နိုင်(ကျော်မြင့်နိုင်–ဒါးပိန်)နှင့် ဘဏ္ဍာရေးမှူး ဒေါက်တာယဉ်မင်းဦး(ယဉ်မင်းဦး–ဆေးတက္ကသိုလ်)တို့ကို ရွေးချယ်တင်မြှောက်ကြသည်။ စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တက်ရောက်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် အမှတ် ၄၊ ဝန်မင်းလမ်း ပြည်သာယာဘောက်ထော်နေ ဦးဖေတင်၏ အသက် ၉၀ ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ် ၃၀၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၁

မအူပင်မြို့ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၄၄)၏ အကြိမ်(၁၂၀)မြောက် ခုနစ်ရက် တရားစခန်းပွဲကြီးကို ဇန်နဝါရီ ၂၀ ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် မဏိရတနာကျောင်း ဆရာတော် ဦးပဏ္ဍိတ (ဒွိပိဋကဓရ) မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်နာယက ကမ္မဋ္ဌာနာစရိယနှင့် ဦးမြသန်း(မအူပင်) မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်နယ်လှည့် ဓမ္မကထိကတို့က ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားပြသကြမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း–၀၄၅–၃၀၄၂၈ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မျက်စိဝေဒနာရှင်များ အခမဲ့ကုသနိုင်

ရန်ကုန် ဇန်နဝါရီ ၁၁

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ဇိဝိတဒါနသံဃာ့ဆေးရုံ၌ အစ္စရေးနိုင်ငံနှင့် ဩစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများသည် မျက်စိဝေဒနာရှင်များကို ဇန်နဝါရီ ၂၃ရက်မှစ၍ အခမဲ့စမ်းသပ်ခြင်း၊ ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြမည်

ရန်ကုန် ဇန်နဝါရီ ၁၁

(၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ဇန်နဝါရီ၁၈ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံတွင် (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇန်နဝါရီ ၁၃ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၄၉၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းအဆောက်အအုံ၌ ဆေးပြခန်းများ နေရာချထားပေးရေးနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၁–၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၇း၂၀	ရှုချင်စရာ မျက်လှည့်ပဒေသာ
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	အမှတ်(၃) သတ္တုတွင်းလုပ်ငန်း
၈း၀၀	ဗီစီဒီမိတ်ဆက် (ဝိုင်ဝိုင်း–အချစ်၄က်)
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွှေအလှ
၈း၄၀	မိုးလေဝသခန့်မှန်းချက်
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	လယ်ယာထွန်စက်
၉း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	မေတ္တာနေခြည်အောက်မှ ဂရုဏာပန်းကလေးများ (ရွှေဂုံတိုင်းကလေးပြုစုရေးဌာန)
၉း၂၀	ကာဗွန်ဒိုင်အောက်ဆိုဒ် အခဲရေခဲခြောက်
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (စောအဲလေးနှင့်ခွန်မောင်ကြူး)
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	သတိတစ်ချက် တစ်သက်အမှား (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်)
၁၀း၂၅	အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်းဟောပြောချက် (အပိုင်း–၂) (ပါမောက္ခ ဦးခင်မောင်ဝင်း)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းအကြောင်း သိကောင်းစရာ
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (၃) (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံ အဆင့်ဆင့်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အောင်ဘာလေသိန်း(၅၀၀)ဆု ကံထူးရှင် စမ်းချောင်းမြို့နယ် အမှတ် ၃၂၊ သံတံတားလမ်းနေ ဦးသီဟ-ဒေါ်နီလာ မိသားစုက လှိုင်မြို့နယ် (၁၃)ရပ်ကွက် မီးသင့်ခံရသော သီရိမင်္ဂလာဘုန်းကြီးကျောင်းနှင့် ပန်းခြံကျောင်းများ ဆောက်လုပ်ရန် အလှူငွေကျပ်၁၀သိန်းနှင့် ပြည်သူများအတွက် အလှူငွေကျပ်၁၆သိန်းခွဲတို့ကို သီရိမင်္ဂလာကျောင်းမှ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီ ဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ သတင်းစာရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd. နှင့် HAN Event Management တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၆ခုနှစ် ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၆ရက် မွန်းလွဲ၁နာရီက ရန်ကုန်မြို့ Grand Plaza Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်အမှုဆောင်ဦးကိုကိုလေးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ Design & Development Directorဦးတင့်ဦးက ပြိုင်ပွဲ ကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)** ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးချမ်းဟန်က ပြိုင်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသော စာနယ်ဇင်းမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

၂၀၀၆ခုနှစ် ဂရင်းရှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပွဲစဉ်များကို မန္တလေးမြို့ ရွှေစာရံ ဂေါက်ကလပ်၊ မြစ်ကြီးနားမြို့ မြစ်ကြီးနားဂေါက်ကလပ်၊ လားရှိုးမြို့ လားရှိုး ဂေါက်ကလပ်နှင့် ရန်ကုန်မြို့ ရန်ကုန် ဂေါက်ကလပ်တို့တွင် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ရန်ကုန်မြို့ ပန်းလှိုင် ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အားကစားသမားများမှအပ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိအပျော်တန်းအဆင့် အမျိုးသားဂေါက်သီးရိုက် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည် ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်

လက်ရည်စစ်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အဝေးဆုံးရိုက်ချက်ဆုနှင့် အနီးဆုံးရိုက်ချက်ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ လက်ရည်စစ် ပွဲစဉ်တစ်ပွဲချင်းစီမှ အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမား လေးဦးတို့သည် နောက်ဆုံးဗိုလ်လုပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

ကူညီပံ့ပိုး

၂၀၀၆ခုနှစ် ဂရင်းရှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Co., Sponsors များဖြစ်ကြသော Air Mandalay, Crusher Club Soda, Srixon နှင့် Grand Plaza Park Royal Hotel တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အောင်စကြာဆရာတော်၏ ဓမ္မခရီး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း လမ်းမတော် မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၁၅ ရက်ညတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်(၁၈)ရပ်ကွက်အပ်လ်ဘလောက်ကျွန်းရွှေမြိုင်လမ်း၊ ၁၆ရက်၊ ၁၇ရက်နှင့် ၁၈ရက်များတွင် သာကေတမြို့ ၄/တောင်ရပ်ကွက် မြို့မလမ်း(မြောက်) သာသနဝေပုလ္လဓမ္မာရုံ၊ ၁၉ ရက်ညတွင် ရွှေပေါက်ကံမြို့သစ် မော်ကျွန်းပရိယတ္တိစာသင်တိုက်၊ ၂၀ ရက်ည၌ သုံးခွမြို့ ရှစ်မျက်နှာစေတီ ဗုဒ္ဓလမ်းစဉ်ဓမ္မသဘင်၊ ၂၁ ရက်ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေဓမ္မာရုံ၊ ၂၂ ရက်နှင့်၂၃ရက်ညများ၌ သန်လျင်မြို့နယ် အလယ်ကျေးရွာ ရွှေဘုန်းပွင့်စေတီတော်တရားမဏ္ဍပ်၊ ၂၄ ရက်ညတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက် ဓမ္မရောင်ခြည်ဦးဓမ္မာရုံတို့တွင် ဓမ္မခရီးကြွရောက် ချီးမြှင့်တော်မူမည်ဟု သိရသည်။ **(က-ပ)**

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့်ဆောင်းပါးပြိုင်ပွဲများ နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်သည်။

ယှဉ်ပြိုင်နိုင်

ဝတ္ထုရှည်နှင့် ဝတ္ထုတိုပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်နှင့်ဘောင်ဝင်အောင် ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ်သတ်မှတ်ပေးထားခြင်း မရှိဘဲ မိမိနှစ်သက်ရာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀မှ ၇၀၀၀၀အတွင်း ရေးသားကြရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀ မှ ၁၀၀၀၀ အတွင်း ရေးသားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း ရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ **"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"** ဟူ၍ဖြစ်သည်။

ပူးတွဲပေးပို့ရမည်

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊အခြားပြိုင်ပွဲများတွင်ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်းကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ ပတ်စ်ပို့အရွယ်(၂"x၂")နှစ်ပုံတို့ကို ပူးတွဲပေးပို့ ရမည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများကို စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး(အတွင်းရေးမှူး)တပ်မတော်နေ့စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို ဇန်နဝါရီ၈ရက် မွန်းတည့်၁၂နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပထမပိုင်းတွင် သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတိုးမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြဆွေးနွေးအတည်ပြုပြီးနောက် ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့်လှိုင်(မောင်ညွန့်လှိုင်)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းဌွေး(ဝေဒသန်းဌွေး)၊ အတွင်းရေးမှူး ဦးခင်မောင်လွင်(ခင်မောင်လွင်-မြန်မာစာ)၊တွဲဖက် အတွင်းရေးမှူး ဦးညွန့်ဟံ(ညွန့်ဟံ-ကြူတော)၊ ဘဏ္ဍာရေးမှူး ဦးဝင်းမောင် (ရေနံ့သာဝင်းမောင်)တို့ပါဝင်သော အမှုဆောင်အဖွဲ့ကို လည်းကောင်း၊ ညီလာခံကိုယ်စားလှယ်များအဖြစ် ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် ဦးထွန်းရွှေ (ပြည်ထွန်းရွှေ)တို့အား လည်းကောင်း ရွေးချယ်ကြသည်။ **(မြန်မာ့အလင်း)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲ သံတွဲ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်း တာဝေးစက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ၄ရက် နံနက်၆နာရီက သံတွဲမြို့၌ ကျင်းပသည်။

စက်ဘီးစီးပြိုင်ပွဲကို သံတွဲခရိုင် အေးချမ်းသာယာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်နှင့် ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။စက်ဘီးစီးပြိုင်ပွဲကို သံတွဲမြို့ ဗိုလ်ချုပ်လမ်းမှ စတင်တာထွက်ပြီး သံတွဲ-တောင်ကုတ် ကားလမ်းပေါ်ရှိ အဘေးကျေးရွာမှ ပြန်လှည့်၍ သံတွဲမြို့သို့ပန်းဝင်ရာ ခရီးမိုင် ၅၀တာဝေးပြိုင်ပွဲ ဖြစ်သည်။

ချီးမြှင့်

ပြိုင်ပွဲဝင် ဆုရအားကစားသမားများကို သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များက ပထမဆုငွေသား ကျပ်တစ်သိန်းငါးသောင်းနှင့် ကျပ်ခုနစ်သောင်းတန်စက်ဘီးတစ်စီး၊ ဒုတိယဆုကျပ်တစ်သိန်း၊ တတိယဆု ကျပ်ရှစ်သောင်း၊ စတုတ္ထဆု ကျပ်ခုနစ်သောင်း၊ ပဉ္စမဆု ကျပ်ခြောက်သောင်း၊ ဆဋ္ဌမဆုကျပ်ငါးသောင်း၊ သတ္တမဆု ကျပ်လေးသောင်း၊ အဋ္ဌမဆုကျပ်သုံးသောင်း၊ နဝမဆု ကျပ်နှစ်သောင်း၊ ဒသမဆု ကျပ်တစ်သောင်းရှစ်ထောင်နှင့် နှစ်သိမ့်ဆု၁၀ဆုကို ငွေကျပ်တစ်သောင်း ငါးထောင်စီဆုများ အသီးသီးချီးမြှင့်သည်။ ပြိုင်ပွဲဝင်အားလုံးကို မျက်နှာသုပ်ပဝါတစ်ထည်နှင့် ရေသန့်တစ်ဗူးစီ၊ ပန်းဝင်သူ အားလုံးကို စပို့ရှပ်တစ်ထည်စီ ချီးမြှင့်ကြသည်။

ပြိုင်ပွဲဝင် အားကစားသမားအတွက် ငွေသားဆု၊ ပစ္စည်းနှင့် ပံ့ပိုးပစ္စည်း တန်ဖိုးငွေမှာ ကျပ်ဆယ့်သုံးသိန်းနှစ်သောင်းလေးထောင်ဖြစ်သည်။

အားပေး

ပြိုင်ပွဲတွင် စက်ဘီးအားကစားသမား ၂၁၅ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြည်သူလူထု နှစ်သောင်းကျော် တက်ရောက် အားပေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဆုချီးမြှင့်

ဇန်နဝါရီ ၃ရက်က အလုံမြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာ ကျောင်းသားပညာရေးစုံညီပွဲတော်နှင့်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ် ဆရာကြီး ဦးခင်မောင်ဝင်းက မြို့နယ် ဘက်စုံပထမဆုရ စတုတ္ထတန်းမှ မယမင်းဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

မြစ်သားမြို့နယ်အတွင်း ရွှေငွေကျပ် ၇၃ သိန်းဖိုး ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၅ခုနှစ် ဒီဇင်ဘာ ၂၉ရက် ည ၈နာရီ ၁၀မိနစ်ခန့်တွင် မန္တလေးတိုင်း မြစ်သားမြို့ ရှမ်းပွဲရပ် ၅ လမ်းနေ အထက်တန်းပြ ဆရာမ ဒေါ်အေးအေးမော်(ဘ) ဦးချစ်ငွေသည် နေအိမ်တံခါးသော့ပိတ်၍ ခြံဝင်းအတွင်းရှိ ဘော်ဒါဆောင်သို့သွားရောက်ခဲ့သည်။ ထိုမှနေအိမ်သို့ ည ၈နာရီ ၄၅မိနစ်တွင် ပြန်ရောက်လာသည့်အခါ အိမ်တံခါးပွင့်နေပြီး အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းမှ ငွေကျပ်နှစ်သိန်းငါးသောင်းအပါအဝင် ရွှေထည်ပစ္စည်း စုစုပေါင်း တန်ဖိုး ၇၃သိန်းဖိုး ခိုးယူခံရကြောင်းသိရှိရသဖြင့် ဇန်နဝါရီ ၃ရက်တွင် မြစ်သားရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့သည်။

သတင်းစရရှိ

စုံစမ်းစစ်ဆေးချက်များအရ တရားလို၏တပည့်ဟောင်းဖြစ်ပြီး အိမ်တွင်အဝင်/အထွက်ရှိသူ မြစ်သားမြို့နယ် ရွာသစ်ကလေးကျေးရွာနေ ထွန်းမင်း(ခ)မင်းမင်း(ခ)တရုတ်ကြီးဆိုသူသည် အမည်မသိလူငယ်တစ်ဦးနှင့်အတူ စက်ဘီးဖြင့် ရောက်ရှိလာခဲ့ဖူးကြောင်းနှင့် ဇန်နဝါရီ၃ရက်တွင် ထွန်းမင်းသည်ဆိုင်ကယ်တစ်စီးဝယ်ထားကြောင်းသတင်းစရရှိခဲ့သည်။

ဖော်ထုတ်သိရှိ

ထို့ကြောင့် မသင်္ကာသူ ထွန်းမင်းအား ဇန်နဝါရီ ၃ ရက်ည ၉နာရီခွဲတွင်လည်းကောင်း၊ ၎င်းနှင့်အတူ ဒေါ်အေးအေးမော်အိမ်သို့ အဖော်လိုက်ပါလာသူ မြစ်သားမြို့နယ် ဒိုင်းရွာနေ မျိုးဦးအား ဇန်နဝါရီ၄ရက် နံနက် ၁၁နာရီတွင်လည်းကောင်း ဖမ်းဆီးစစ်ဆေးခဲ့သည်။ စစ်ဆေးချက်များအရ အခင်းဖြစ်နေ့ ည၇နာရီခွဲက ထွန်းမင်းသည် ဒေါ်အေးအေးမော်၏ ခြံဝင်းအတွင်း အုတ်တံတိုင်းကျော်၍ ဝင်ရောက်ခဲ့ပြီး ရေကန်အနီး၌ ခေတ္တပုန်းခိုခဲ့ကြောင်း၊ ည ၈ နာရီခန့်တွင် ဒေါ်အေးအေးမော် ဘော်ဒါဆောင်သို့ ထွက်သွားသည်ကို မြင်ရသဖြင့် အိမ်ရှေ့တံခါးကို တွန်းဖွင့်ဝင်ခဲ့ကြောင်း၊ ထို့နောက် တီဗွီစင်ပေါ်ရှိသော့တွဲဖြင့် အိပ်ခန်းအတွင်းမှ သံသေတ္တာကိုဖွင့်၍ ရွှေထည်များ ထည့်ထားသောမုန့်ပုံးနှင့်ငွေတို့ကို ခိုးယူပြီး ဝင်လမ်းအတိုင်းထွက်ကာ စက်ဘီးဖြင့် ရွာသစ်ကလေးသို့ ပြန်လာခဲ့ကြောင်းနှင့် တစ်ဦးတည်း ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ်၌ အလင်းစံအိမ်စာကြည့်တိုက်ဖွင့်

လှည်းကူး ဇန်နဝါရီ ၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မရမ်းချောင်းကျေးရွာ အလင်းစံအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအမှုဆောင် ဦးလှဌေး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရည်ရွယ်ချက်ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်အုန်းမြင့်က စာကြည့်တိုက်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေ ရှည်တည်တံ့ဖွံ့ဖြိုးရေးတို့ကို ဟောပြောပြီး ကျေးရွာသူ ကျေးရွာသားများအား ကြက်ဆူဆီမှ လောင်စာဆီ ထုတ်လုပ်မှုနည်းစနစ်ကို လက်တွေ့အကောင်အထည်ဖော်ရန် ဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားကျင်းပ စာစီစာကုံးနှင့် အားကစားပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

မိုင်းဖြတ် ဇန်နဝါရီ ၇

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီမိနစ် ၂၀က မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမရှေ့တွင် ကျင်းပသည်။

ဖတ်ကြား

အစိုးအစဉ်အရ နိုင်ငံတော်အလံကို အလေးပြုကြပြီး မိုင်းဖြတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မျိုးညွှန့်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

ဆုချီးမြှင့်

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆုပေးပွဲကိုကျင်းပရာ ကလေးပြိုင်ပွဲတွင် ဆုရသူများကို ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့နှင့် ဒေါ်ချောစုမျိုးညွှန့်တို့က လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ ဆုရသူများကိုခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မျိုးညွှန့်ကလည်းကောင်း၊ အားကစားပြိုင်ပွဲဆုရသူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်၊ ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းဝေ၊ မြို့နယ် ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်တို့က ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဒီဇင်ဘာ ၂၈ရက်က ကျေးလက်သွားလမ်း ပေါင်းထုတ် ပရိန်သွားလမ်း ကျောက်ချောလမ်းခင်းမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ဇန်နဝါရီ ၃ ရက်က ကျောက်တန်းမြို့နယ် အလက မြိုင်သာယာတွင် ကျင်းပသော ၂၀၀၅-၂၀၀၆ ပညာရေးစုံညီပွဲတော်တွင် သုံးနှစ်ဆက်တိုက် ကျောင်းတက်မှန်ဆုရရှိသော အလယ်တန်းပြဆရာမ ဒေါ်သက်သက်လွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းညွန့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပ

အုတ်တွင်း ဇန်နဝါရီ ၅

အုတ်တွင်းမြို့နယ် မိခင်ကလေးစောင့်ရှောက်ရေးအသင်း၏ ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က ဂုံမင်းဒါ ကျေးရွာအုပ်စု စည်ပင်သာ အမကတွင်ကျင်းပရာ ဘန့်ဘွေ့ကုန်၊ ဆွဲလံချောင်း၊ ဂုံမင်းဒါကျေးရွာအုပ်စုများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကလေး မိခင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်သိန်းသိန်းတိုး**(အပေါ်ပုံ)**က မိခင်ကလေးစောင့်ရှောက်ရေးအသင်းဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ဆရာမ ဒေါ်စန်းစန်းမြင့်က ကျန်းမာရေးဆိုင်ရာနှင့်ပတ်သက်၍ ပညာပေးဟောပြောရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်က လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။ **(၁၁၆)**

လွတ်လပ်ရေးနေ့ ပုလဲမြို့၌ကျင်းပ

ပုလဲ ဇန်နဝါရီ ၈

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ပုလဲမြို့၊ ပုလဲရတနာ ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးက လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(က-ပ)**

ဒိုက်ဦးမြို့၌ လမင်းတစ်ရာစာကြည့်တိုက်ဖွင့် လက်နှိပ်တုံကင် ပေးအပ်လှူဒါန်းပွဲကျင်းပ

ဒိုက်ဦး ဇန်နဝါရီ ၂

ဒိုက်ဦးမြို့နယ်လုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲ အထိမ်းအမှတ်အဖြစ် သပြေတောကျေးရွာ အမကမူလွန်ကျောင်း လမင်းတစ်ရာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် လက်နှိပ်ရေတုံကင်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့်၊ မြို့နယ်ဦးစီးမှူးဒေါ်ခင်စန်းဦး၊ ကျောင်းအုပ်ဆရာကြီး ဦးဇော်မြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် တန်ဖိုးငွေကျပ် ၇၅၀၀၀ရှိ ရေတုံကင် ပေးအပ်လှူဒါန်းသော အလှူရှင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီးသန်းထိုက်စိုးနှင့်ဇနီး ဒေါ်နန်းယုစံမိသားစုကိုယ်စား ဦးခင်မောင်ဦးက ရေတုံကင်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက လှူဒါန်းသော သုတ၊ရသစာအုပ် ၃၈၄အုပ်၊ စာကြည့်တိုက်အတွက် အလှူငွေကျပ် ၅၀၀၀ နှင့်ကျောင်းအုပ်ဆရာကြီးအတွက် ဂုဏ်ပြုဆုငွေကျပ် ၅၀၀၀ တို့ကို မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့်မြို့နယ် အတွင်းရေးမှူးတို့က ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မလေးရီးယား၊ ဖွံ့ဖြိုးမှု၊ စာအုပ်စာပေ လေ့လာစို့

မြန်မာ့အသံ

၁၃-၁-၂၀၀၆(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မှူဆယ်ခရိုင် သွင်းကုန်အစားထိုးစက်မှုရပ်ကွက်အကြောင်း)

၁၁:၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (အလွယ်တကူအသုံးပြုနိုင်သော ကျပ်ထုပ်)

၁၃:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (တာဝန်ကိုယ်စီရှိကြသည်)

ညနေပိုင်း

၁၇:၃၀ မေတို့ရေးရာ သိမှတ်စရာ (ရွှေတံဆိပ်များရှင် အိအိချွန်နှင့် ဆွေးနွေးခန်း)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၂၀ ကျေးလက်ဇာတ်လမ်း (တကယ်လုပ်ရင် အဟုတ်ဖြစ်တယ်)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံဝေါဟာရများအကြောင်း- တတိယပိုင်း-မောင်ဆုရှင်)

၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (သစ္စာပန်း-ကာလပေါ်အဖွဲ့)

ဘိုကလေးမြို့၌ စာပန်းအိမ် စာကြည့်တိုက်များဖွင့်

ဘိုကလေး ဒီဇင်ဘာ ၂၅

ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အမှတ်(၄)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမှတ်(၄)ရပ်ကွက် စာပန်းအိမ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယု၊မြို့မ(၄)ရပ်ကွက် ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်စောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်စောက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ရှင်းလင်း ပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အငယ် တန်းစာရေး ဒေါ်အေးသန္တာက မဂ္ဂဇင်းနှင့်စာအုပ်မျိုးစုံ အုပ် ၁၀၀ကို ပေးအပ် လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၆)(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သီဟသုဓမ္မသိင်္ဂီဘွဲ့ ချီးမြှင့်ခြင်းခံရသော ကျေးဇူးရှင် **ချစ်မာမား ဒေါ်ကျင်ထို(ခ) ဒေါ်ကြူကြူသင်း**အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းပြီး သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်ခင်ပွန်း – ဦးတင့်လွင်(ခ)ဦးရှမ်းလေး

ချစ်သမီးများ – မစုစုစံ–ကိုမြင့်ဆွေ၊ မထက်ထက်ဝင်း–ကိုနိုင်လွင်၊

ချစ်သားများ – မောင်ကျော်ရဲသူ၊ မောင်ဖြိုးထက်အောင်

ချစ်မြေးများ – သီဟအောင်၊ စံသွေးညီ၊

ထက်အောင်ကျော်၊ သွန်းဟေသာဟန်

(ရှမ်းလေးပွဲရုံ+ကမ္ဘောဇပွဲရုံ။)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၆) ဖြင့် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ရက်၊ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရသော **ဦးစံငြိမ်း–** နာယက၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့(ဒါရိုက်တာ၊ ရွှေဂုံတိုင်အထူးကု ဆေးခန်း ရန်ကုန်)နှင့် သီရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရသော **ဦးငွေရှိန်** နာယက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (ယုန်ညီနောင်–ပဲခူး)တို့အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဟိုက်စကူးကျောင်းသားဟောင်းများ ကျောင်းအကျိုးတော်ဆောင်အဖွဲ့။

ဒေါ်စမ်းစမ်းမြင့် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများ(အထက–၁)ပဲခူး။

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

အထက(၂)ကမာရွတ် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက **ဦးချူသန်း** သည် ၄–၁–၂၀၀၆ရက်တွင် နိုင်ငံတော်က ချီးမြှင့်ပေးသည့် "အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ"ဘွဲ့ ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ပညာရေးမိသားစု အထက(၂)ကမာရွတ်။

မရမ်းကုန်း အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မရမ်းကုန်းအထက(၁) (သမိုင်းမြို့မကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၅ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် မရမ်းကုန်း အထက(၁) စန္ဒိမာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသက် ၆၀ပြည့် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ စာရင်းတွင် မပါဝင်သေးသည့် ဆရာကြီး ဆရာမကြီးများ ဆက်သွယ်ကြရန်နှင့် အလှူငွေ၊ လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်ခင်မြင့် ဖုန်း–၆၆၄၀၅၃၊ဦးမြတ်စိုး(လှိုင်) ဖုန်း–၅၀၀၄၄၃၊ ဗိုလ်မှူးမြင့်သိန်း ဖုန်း–၆၆၂၇၇၅၊ဦးတင်ဝင်း ဖုန်း–၆၆၇၅၁၁၊ဦးမြတ်ထွန်း ဖုန်း–၆၆၂၀၁၅၊ ဒေါ်ခင်မြ ဖုန်း–၆၅၁၅၈၉၊ ဦးတင်မြင့် ဖုန်း–၆၆၁၈၉၂၊ ဒေါက်တာ အောင်မြတ်သိန်း ဖုန်း–၆၅၁၅၂၆၊ဦးမောင်အုန်း ဖုန်း–၇၂၇၂၁၅၊ ဦးမောင်မောင်သိန်း ဖုန်း–၀၉–၅၁–၃၁၆၀၈နှင့် ဦးကြည်ဝင်း–ဒေါ်အေးအေးလှိုင် ဖုန်း–၆၆၆၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က–ပ)**

လှည်းကူးမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း မလစ်အနောက်တွင် ၂၀၀၄–၂၀၀၅ ခု ပညာသင်နှစ်အတွက် ဇန်နဝါရီ ၃ ရက်က အဋ္ဌမတန်းမှ ပထမဆုရ မောင်ရန်ပိုင်စိုးအား ကျောင်းအုပ်ဆရာမကြီးဒေါ်စန်းစန်းရီက ဆုချီးမြှင့်စဉ်။ (ပညာရေး)

သီတဂူကြယ်တစ်ပွင့် တရားတော်များ ဟောကြားပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယက သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ ၁၅ရက်ညတွင် ဘုရားငါးဆူ ပန်းပင်ကြီးလမ်း ကြည့်မြင်တိုင်၊ ၁၆ရက် (ဆည်းဆာ)တွင် လယ်တီစံကျောင်း ပုဇွန်တောင်၊ ၎င်းညတွင် ဦးဖိုးထူးလမ်း ကြည့်မြင်တိုင်၊ ၁၇ ရက်ညတွင် ချောင်းငံရွာ ပုလဲမြို့နယ်၊ ၁၈ ရက်ညတွင် သံရွာ ကျောက်ဆည်၊ ၁၉ ရက်ညတွင် မဟာမြိုင် ရပ်ကွက် မန္တလေး၊ ၂၀ ရက်တွင် ညောင်ကုန်းရွာ စစ်ကိုင်း၊ ၂၁ ရက်ည ဗြဟ္မစိုရ်အသင်း မင်းဘူးမြို့၊ ၂၂ရက်နှင့် ၂၃ရက်ညများတွင် စစ်ကိုင်းမြို့၊ ၂၄ ရက်ညတွင် သုံးဆယ်မြို့၊ ၂၅ ရက်နှင့် ၂၆ ရက်ညများတွင် ဝိနယတံခွန် အသင်း ပဲခူးမြို့၊ ၂၇ ရက်ညတွင် ဖို့မြေဓမ္မာရုံ မင်္ဂလာတောင်ညွန့်၊ ၂၈ ရက်(ဆည်းဆာ)တွင် ဝိနယသီသ သာဓုစာကြည့်တိုက် ကြည့်မြင်တိုင်၊ ၎င်းညတွင် ထာဝရဆွမ်းလောင်းအသင်း သာသနရက္ခိတဓမ္မာရုံ သရက်တော မြောက်ရပ် ကြည့်မြင်တိုင် ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၃)ရပ်ကွက် ဘဝရှေ့ဆောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် နှစ်ပတ်လည်နေ့နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးတင့်ကျော်လွင်၊ မြို့နယ်ဦးစီးမှူးဒေါ်ယဉ်ယဉ်သွယ်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးအောင်ပုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

(၂၅)ကြိမ်မြောက် မဟာဒုက်ဘုရားပူဇော်ပွဲနှင့် သံဃာအပါး ၁၂၀၀တို့အား အိမ်စဉ်ဆွမ်းကပ်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ၇ရက်က သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက်အတွင်းရှိ ဓမ္မာရုံတွင် ကျင်းပရာ ဝေယျာဝစ္စအသင်းဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးဌေးဝင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၀၀)

မာရ်နတ်

ကြပ်ပြင်

ရေးဟောင်းစေတီတော်ဘက်စုံမွမ်းမံရေး အလှူငွေများလှူဒါန်းနိုင်

ပြည် ဒီဇင်ဘာ ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် မြို့သစ် ဆည်မြောင်းစက်ကြီးဝင်းအနီး ကန်သာယာတောရကျောင်း တောင်တော်မြတ်တွင် တည်ထားကိုးကွယ်တော်မူသော ရေးဟောင်း သမိုင်းဝင်စေတီတော် ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ဝေး ရပ်နီးမှ အလှူရှင်များတို့သည် ကျောင်းထိုင်ဆရာတော် ဦးဝါယမ၊ ကန်သာယာတောရကျောင်း ကမ္ဘာ့ကပ်ကျော် ဓာတ်ပေါင်းချုပ်စေတီတော်ကြီး အကျိုးတော်ဆောင်အဖွဲ့ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် ဖုန်း–၀၅၃–၂၁၈၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးရှင်းလင်း စိုက်ပျိုးရေးပညာပေး ပြကွက်များပြသ

လားရှိုး ဇန်နဝါရီ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်ကွတ်ခိုင်မြို့နယ် တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ၂၄ရက် နံနက်၁၀နာရီက နမ့်ဖတ်ကာကျေးရွာ၌ ကျင်းပရာ မူဆယ်ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင်ကွတ်ခိုင်မြို့နယ် ဥက္ကဋ္ဌ ဦးသက်လွင်က ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးနိုင်ကြည်ဝင်းက အဓိကသီးနှံများ စိုက်ပျိုးရေးနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးစိုင်းကျော်ဝင်းက စပါးတစ်ဧကတင်း ၂၀၀ ထွက်ရှိရေးနှင့် ခြံစည်းရိုးကြက်ဆူစိုက်နည်းစနစ်များကို ရှင်းလင်းရာ ဆွေးနွေးချက်များကို မြို့နယ်စိုက်ပျိုးရေး လက်ထောက်ကြီးကြပ်ရေးမှူးဦးလှတောင်က ကချင်ဘာသာဖြင့်လည်းကောင်း၊ ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူးဦးအောင်ဇော်လင်းက ရှမ်းဘာသာဖြင့် လည်းကောင်း ထပ်ဆင့်ရှင်းလင်းပြောကြားရာ တောင်သူလယ်သမားများက သိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင်တက်ရောက်လာသော တောင်သူလယ်သမားများက ခင်းကျင်းပြသထားသော စိုက်ပျိုးရေးပညာပေးပြကွက်များကို လှည့်လည်ကြည့်ရှုကြပြီး စက်မှုလယ်ယာမှ ထုတ်လုပ်သော လယ်ယာ–၁၆ လက်တွန်းထွန်စက်နှစ်စီးကို ဝယ်ယူအားပေးကြကြောင်း သိရသည်။ **(က–ပ)**

မေ်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော် ပရဝဏ်အတွင်းပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဒီဇင်ဘာ၂၇ရက်က အလှူရှင်မော်လမြိုင်မြို့ သိမ်ကုန်းရပ် အောက်လမ်းမကြီးနေ ဦးမောင်ငယ်–ဒေါ်မြလွင်(ကျော်–အော့ဖ်ဆက်)မိသားစုက ငွေကျပ်သုံးသိန်းတစ်သောင်းပေးအပ်လှူဒါန်းရာဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။ (၁၆၈)

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်

အသက်(၁၄)နှစ်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက် ၈ နာရီ၁၅ မိနစ်တွင် ရန်ကုန်မြို့ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပသော အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် အသက်(၁၄)နှစ်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ၂၀၀၆ အုပ်စု(၂)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ်(၃)မှ ကျောင်းသူများက ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြသည်။

အဖွင့်အမှာစကားပြော

ဆက်လက်၍ ပြိုင်ပွဲဝင်နိုင်ငံများဖြစ်ကြသောဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ Maldives၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ လူငယ်တင်းနစ်အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်၍ အသက်(၁၄)နှစ်အောက် အာရှတံခွန်စိုက်တင်းနစ်အုပ်စု(၂)တင်းနစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

လိုက်လံနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Monan တို့က ပြိုင်ပွဲဝင်နိုင်ငံများမှ လူငယ်တင်းနစ် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားပညာရည်မြင့်မားမှုသည် နိုင်ငံနှင့်လူမျိုးရှင်သန်တိုးတက်ရေး အဓိကမောင်းနှင်အားဖြစ် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးသည် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအသက်သွေးကြောဖြစ် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး ရည်မှန်းချက်ရှိရှိ အမျိုးသားရေးတာဝန်အဖြစ်ခံယူကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၁

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်း ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် အခြေခံပညာ ဆရာ၊ ဆရာမများသည် နိုင်ငံတော်၏အနာဂတ်အတွက် အရေးအပါဆုံး အရင်းအမြစ်များဖြစ်သည့် ကျောင်းသူ ကျောင်းသားလူငယ်များကို နိုင်ငံတော်၏မျှော်မှန်းချက်များ၊ အစီအမံများနှင့်အညီ ဖြစ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်ပေးနေကြသူများ ဖြစ်သည့်အတွက် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ပေးနေကြသည့် လူမှုရေးဗိသုကာများဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ဤသို့ နိုင်ငံတော်ကြီး၏အနာဂတ်ကို ပုံဖော်ထုဆစ်ပေးနေကြသည့် ဆရာ၊ ဆရာမများကို ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများတွင် နိုင်ငံတော်၏ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းအခြေခံများ၊ ရှေ့အနာဂတ်အလားအလာများနှင့် အမျိုးသားရေးမျှော်မှန်းချက်များကို ပိုမိုရှင်းလင်းစွာ သိမြင်စေခြင်းအားဖြင့် ဆရာ၊ ဆရာမများအတွက်သာမက ကျောင်းသူ ကျောင်းသားလူငယ်များနှင့်တကွ နိုင်ငံတော်အတွက်ပါ များစွာ အကျိုးဖြစ်ထွန်းစေမည်ဟုလည်း ယုံကြည်မျှော်လင့်ထားပါကြောင်း။ *စာမျက်နှာ ၁၂ ကော်လံ ၁* ●

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းမှ ဦးစောလင်းအောင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ပဲခူးတိုင်းမှ ဦးစောလင်းအောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆက်လက်အကြံပြုတင်ပြသွားမှာဖြစ်ပါကြောင်း။

ချမှတ်ခဲ့ပြီးဖြစ်သည့်အခြေခံမူများအရ ပြည်ထောင်စုလွှတ်တော်၌ ပါဝင်သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကို သီးခြားစီဖွဲ့စည်းထားရှိသော်လည်း လွှတ်တော်များ၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည့်အခါတွင် လွှတ်တော်နှစ်ရပ်သည် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်ပုံများသည် အတတ်နိုင်ဆုံး တူညီရန်လိုအပ်သည့်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းပိုင်းနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို တစ်ပေါင်းတည်း အကြံပြုတင်ပြသွားမှာ ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းပိုင်းကို တင်ပြရာတွင် ယင်းလွှတ်တော်များ၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပရေးနှင့်စပ်လျဉ်းပြီး ဦးစွာတင်ပြလိုပါကြောင်း၊ နောင်ပေါ်ပေါက်လာမည့် အခြေခံဥပဒေအရ ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်ကျင်းပရမည့် နေ့ရက်သတ်မှတ်ရာတွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်ကိုအခြေခံပြီး သတ်မှတ်မည်ဆိုလျှင် ရှင်းလင်းတိကျသည့် သတ်မှတ်ချက်ရရှိနိုင်ပါကြောင်း၊ ရွေးကောက်ပွဲများတွင် အဓိကကျသည့် ဆန္ဒမဲရေတွက်ခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပြန်ကြေညာခြင်း စသည့်လုပ်ငန်းများကို ချို့ယွင်းချက်မရှိအောင် ဆောင်ရွက်နိုင်ရန် သင့်တင့်သည့် အချိန်ရရှိရန် လိုအပ်ပါကြောင်း။

အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်ကျင်းပမည့်နေ့ရက်သတ်မှတ်ရာတွင် အမျိုးသားလွှတ်တော်၏သက်တမ်း စတင်သည့်နေ့ရက်ကို အခြေခံပြီး သတ်မှတ်သင့်ပါကြောင်း၊ ဥပဒေပြုရေး ဆိုင်ရာဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူအရ ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့် ပြည်သူ့လွှတ်တော်၏ ပထမအအကြိမ် ပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှာပင် အမျိုးသားလွှတ်တော်၏ သက်တမ်းစတင်မှာ ဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော်သက်တမ်း စတင်သည့်နေ့မှ ရက်သတ္တပတ် တစ်ပတ်ခန့်အတွင်း ကျင်းပရန်ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သည့် ပထမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပရမည့်နေ့ရက်၊ အမျိုးသားလွှတ်တော်၏ သက်တမ်းစတင်မည့်နေ့ရက်၊ အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပရမည့် နေ့ရက်တို့နှင့် စပ်လျဉ်းပြီး–

"<u>ပြည်သူ့လွှတ်တော်</u>

ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း၉၀အတွင်း ကျင်းပရမည်။

<u>အမျိုးသားလွှတ်တော်</u>

(က) အမျိုးသားလွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့်နေ့ရက် ဖြစ်သည်။

(ခ) အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အမျိုးသားလွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့်နေ့ရက် ဖြစ်သည်

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ကျင်းပမည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများကို စနစ်တကျရှိစေရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပပေးရန် လိုအပ်မည်ဟု သဘောရရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ နောက်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ကုန်လွန်ခဲ့သည့် လွှတ်တော်သက်တမ်းများမှ ဥက္ကဋ္ဌများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်အသီးသီးက ခေါ်ယူကျင်းပရမည်ဟု သတ်မှတ်သင့်ပါကြောင်း၊ သို့ပါ၍ ပြည်သူ့လွှတ်တော်၏ နောက်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးကို တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း၊ အမျိုးသားလွှတ်တော်၏ နောက်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးကို တာဝန်ထမ်းဆောင်လျက်ရှိသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း ခေါ်ယူကျင်းပသင့်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၂)အား အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အနေနှင့် သက်ဆိုင်ရာလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် ကတိသစ္စာပြုရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၃)ပါ အချက်အလက်များကို အသေးစိတ် အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးများကို မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်အဖွဲ့အစည်းက မည်သည့်အချိန်တွင် ခေါ်ယူကျင်းပခြင်းနှင့် စပ်လျဉ်းပြီး–

"<u>ပြည်သူ့လွှတ်တော်</u>

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တစ်နှစ်လျှင်အနည်းဆုံး တစ်ကြိမ်ခေါ်ယူကျင်းပရမည်၊ ပုံမှန်အစည်း အဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ။

<u>အမျိုးသားလွှတ်တော်</u>

အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂လထက် မပိုစေရ"

ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော် အစည်းအဝေးများနှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၅)ပါ အချက်အလက်များသည် ပြည့်စုံကောင်းမွန်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လွှတ်တော်အစည်းအဝေးများ ကျင်းပရာတွင် အစည်းအဝေး အထမမြောက်၍ ရက်ရွှေ့ကျင်းပရသည့် အစည်းအဝေးများနှင့် အထမြောက်သည့် အစည်းအဝေးတွင် ဆွေးနွေးသည့်ကိစ္စအပေါ် မူတည်ပြီး ရက်ပေါင်းများစွာ ဆက်လက်ကျင်းပရသည့် အစည်းအဝေးများလည်း ရှိလာနိုင်သည့်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများ အထမြောက်ခြင်းနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပိုဒ် (၆)ပါ အချက်အလက်များကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အဆုံးအဖြတ်ပေးရမည့် ကိစ္စများတွင် ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားဆန္ဒရယူဆုံးဖြတ်ခြင်းဖြင့် ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ အဆုံးအဖြတ်၊ သဘောတူညီချက်၊ အတည်ပြုချက် စသည်များအတွက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှ၏ ထောက်ခံဆန္ဒမဲရရှိမှသာ ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့် ကိစ္စများကို ဆုံးဖြတ်ခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌများ၏ ဆန္ဒမဲပေးပိုင်ခွင့်တို့နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပိုဒ် (၇)ပါ အချက်အလက်များကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လွှတ်တော်အစည်းအဝေး တက်ရောက်ရန်ပျက်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်များလည်း ရှိလာနိုင်သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်ခြင်းနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပိုဒ် (၈)ပါ အချက်အလက်များကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်မှုဖြစ်ပေါ်နေသော်လည်း ဆိုင်ရာလွှတ်တော်

အချပ်ပို (ခ) သို့

အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်

အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ခေါ်ယူကျင်းပရမည် ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ

အချပ်ပို (က) မှ

လုပ်ငန်းများကို ဆောင်ရွက်နိုင်အောင်နှင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေး တက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သောကြောင့် လွှတ်တော်များ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြယ်ခြင်းမရှိစေရေးတို့နှင့် စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့ လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူ တစ်ဦးက ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့ လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူ တစ်ဦးက အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို အများပြည်သူသိရှိခွင့်နှင့်စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်၊ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ၊ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်း မပြုရ။

အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်၊ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်း စတင် တင်သွင်းခြင်းနှင့် စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်

"ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိသည်။

အမျိုးသားလွှတ်တော်

"ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဥပဒေတစ်ရပ်အရ ပြုလုပ်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေများကို ဆိုင်ရာအဖွဲ့အစည်းက ပြည်သူ့လွှတ်တော်နှင့် အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရေး၊ ယင်းသို့ ဖြန့်ဝေ တင်ပြသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ် ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသည်ကို တွေ့ရှိသည့်အခါ ဆောင်ရွက်ကြရမည့် နည်းလမ်းအဆင့်ဆင့် သတ်မှတ်ရေးတို့နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၂)ပါ အချက်အလက်များမှာ ကြောင်းကျိုးညီညွတ် ဆီလျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၌ ဥပဒေကြမ်းများ တင်သွင်းခြင်းတို့နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၃)ပါ အချက်အလက်များကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့သည့်အခါနှင့် အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပေးပို့သည့်အခါတွင် ဥပဒေကြမ်း လက်ခံရရှိသည့် လွှတ်တော်၌ရှိသင့်သည့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပိုဒ်(၁၄)ပါ အချက်အလက်များကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနေနှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးများ၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်အဖွဲ့နှင့် လွှတ်တော်နှစ်ရပ်၏ ပူးပေါင်းကော်မတီတို့၏ အစည်းအဝေးများတွင် ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက်အပိုဒ်(၁၅)ပါ အချက်အလက်များကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၆)ပါ အချက်အလက်များကို အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြု၍ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ပုဂ္ဂိုလ်၏အခွင့်အရေးများ၊ လွှတ်တော်က ဖွဲ့စည်းသည့် ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက် အပိုဒ်(၁၇)ပါ အချက်အလက်များမှာ သင့်လျော်မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦး သို့မဟုတ် လွှတ်တော်တစ်ရပ်ရပ်က ဖွဲ့စည်းသော ကော်မရှင်နှင့်အဖွဲ့များ၏ အဖွဲ့ဝင်တစ်ဦးဦးကို ဥပဒေအရ ဖမ်းဆီးရန် အကြောင်းပေါ်ပေါက်လျှင် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်

(က) ပြည်သူ့လွှတ်တော်အစည်းအဝေး တက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ခ) ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင် သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ အစည်းအဝေးတက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီ သို့မဟုတ် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

အမျိုးသားလွှတ်တော်

(က) အမျိုးသားလွှတ်တော် အစည်းအဝေး တက်ရောက်နေသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ခ) အမျိုးသားလွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင် သော်လည်းကောင်း၊ အစည်းအဝေးတက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အကြီးအကဲမှ တစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့က ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် ယင်းလွှတ်တော်အသီးသီး၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

အမျိုးသားလွှတ်တော်

အမျိုးသားလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော် လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် (၁၉)ချက်မှာ စေ့စပ်သေချာပြီး ပြည့်စုံသည့်အတွက် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း။ သီးခြား အကြံပြုချက်ပေးရန် မရှိပါကြောင်းနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ထောက်ခံပါကြောင်း တင်ပြအပ်ပါကြောင်း။

ဆက်လက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမြင့်ကျော်က ဆက်လက်ဖတ်ကြားမည်ဖြစ်ကြောင်း တင်ပြရင်း မိမိစာတမ်းတင်ပြချက်ကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင်အနည်းဆုံး တစ်ကြိမ်ခေါ်ယူကျင်းပရမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းမှ ဦးမြင့်ကျော်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ယခုဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းပိုင်းကို ဆက်လက်အကြံပြုတင်ပြသွားမှာ ဖြစ်ပါကြောင်း။ ယင်းသို့အကြံပြုတင်ပြရာတွင် တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များ၏ ပထမအကြိမ်ပုံမှန်အစည်းအဝေး အသီးသီးကို ယင်းလွှတ်တော်များ၏ သက်တမ်းစတင်သည့်နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်ဟု သတ်မှတ်လျှင် သင့်လျော်ပါကြောင်း အကြံပြုတင်ပြလိုပါကြောင်း။

ထို့ကြောင့်–

“(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်း စတင်သည့်နေ့မှ (၁၅)ရက်အတွင်း ကျင်းပရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များ၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးများကို ခေါ်ယူရန် တာဝန်အပ်နှင်းသင့်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့်စပ်လျဉ်းပြီး ဆက်လက်အကြံပြုတင်ပြလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမဆုံးအကြိမ် ကျင်းပရမည့် တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များ၏ ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပပေးရန် လိုအပ်မှာဖြစ်ပါကြောင်း။

ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများထဲတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် နောက်တစ်ကြိမ်သက်တမ်း ပထမအကြိမ်အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်ဆိုသည်မှာ ပါရှိပြီးဖြစ်ပါကြောင်း။ ယင်းအသေးစိတ်အခြေခံရမည့်မူအရ သက်တမ်းတစ်ရပ်ကုန်ဆုံးချိန်တွင် တာဝန်ထမ်းဆောင်နေသည့် လွှတ်တော်ဥက္ကဋ္ဌက နောက်သက်တမ်း၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ခေါ်ယူကျင်းပရမှာ ဖြစ်ပါကြောင်း။ ထို့ကြောင့်–

“(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်”

ဟု အသေးစိတ် အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြလိုပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုရေးနှင့်စပ်လျဉ်းပြီး–

“(က) ပထမအကြိမ်ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ပုံမှန် အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်”

ဟုအသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြ အပ်ပါကြောင်း။

တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များ၏ ပုံမှန်အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံး ဘယ်နှကြိမ်ကျင်းပရမည်ဆိုသည့် သတ်မှတ်ချက်ထားရှိရေးနှင့် စပ်လျဉ်းပြီး–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ”

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်းအကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်အစည်းအဝေးများတွင်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ် (၅)ပါ အချက်အလက်များမှာပြီးပြည့်စုံကောင်းမွန်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပခွင့်နှင့်စပ်လျဉ်းပြီး–

“(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်း အဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။



တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို မန္တလေးတိုင်းမှ ဦးမြင့်ကျော် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

“(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနည်းတူ ဆိုင်ရာလွှတ်တော်အစည်းအဝေးများကို မှန်မှန်တက်ရောက်ကြရန် တာဝန်ရှိပါကြောင်း၊ အရေးကြီးသည့်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်

လွှတ်တော်အစည်းအဝေးများ ကျင်းပခွင့်နှင့် တစ်ဆက်တည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ် အထမြောက်ရန် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ထားရှိရေးနှင့် စပ်လျဉ်းပြီး–

“(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တစ်ရပ်၏ ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက် လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထ မမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေး များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်”

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့က အဆုံးအဖြတ်ပေးရမည့် ကိစ္စများကို ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒရယူဆုံးဖြတ်ရေးနှင့် စပ်လျဉ်းပြီး အကြံပြုဆွေးနွေးတင်ပြလိုပါကြောင်း။

နိုင်ငံတော်အတွက် အရေးကြီးသည့် ကိစ္စရပ်မျိုး ဆောင်ရွက်ရန်ဆုံးဖြတ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်ရွေ့မည်မျှ၏ ထောက်ခံဆန္ဒမဲရရှိမှသာ ဆုံးဖြတ်ဆောင်ရွက်ရမည်ဆိုသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အတိအကျ သတ်မှတ်ပြဋ္ဌာန်းလေ့ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းသို့သတ်မှတ်ချက်အတိအကျမပါရှိဘဲ လွှတ်တော်၏အဆုံးအဖြတ် သို့မဟုတ် သဘောတူညီချက်နှင့်ဆောင်ရွက်ရမည် သို့မဟုတ် လွှတ်တော်၏ အတည်ပြုချက်ရယူရမည်ဟု ပြဋ္ဌာန်းသည့်ကိစ္စမျိုးတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ဆန္ဒမဲပေးကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲနှင့် ဆုံးဖြတ်ခြင်းကို နိုင်ငံအများအပြား၏လွှတ်တော်များတွင် လက်ခံကျင့်သုံးကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း။ ထို့ကြောင့်–

အခြားတာဝန်တစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ ကျန်းမာရေးချို့တဲ့၍ဖြစ်စေ မလွဲမရှောင်သာသည့် လူမှုရေးကိစ္စကြောင့်ဖြစ်စေ လွှတ်တော်အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိလျှင် လွှတ်တော်ကိုခွင့်ပန်ရန် တာဝန်ရှိကြပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်လွှတ်တော်ကိုယ်စားလှယ်များကို အရေးယူခြင်းနှင့်စပ်လျဉ်းပြီး–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်း အဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်၏ နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့်ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ’’

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေသော်လည်း ဆိုင်ရာလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်နိုင်အောင်နှင့်လွှတ်တော်အစည်းအဝေးသို့တက်ရောက်ရန်အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေးတက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သောကြောင့် လွှတ်တော်ဆုံးဖြတ်ချက်များ မပျက်ပြယ်စေရေးတို့နှင့်စပ်လျဉ်းပြီး–

“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါ

အချပ်ပို (ဃ) သို့

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်

အချပ်ပို (ဂ) မှ

တွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း။ အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဆောင်ရွက်ချက်များနှင့်မှတ်တမ်းများကို အများပြည်သူသိရှိခွင့်နှင့်စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့်မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့်မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ"

ဟုအသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါတွင် ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်အပ်နှင်းရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပိုဒ် (၁၃)အား အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် သို့မဟုတ် သဘောတူညီချက် သို့မဟုတ် အတည်ပြုချက်ရယူရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများအနေနှင့်လည်း "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသည့်ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် ပတ်သက်သော ဥပဒေကြမ်းများကို ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၌ တင်သွင်းခွင့်နှင့်စပ်လျဉ်းပြီး–

"(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လွှတ်တော်များမှာ ဥပဒေကြမ်းတင်သွင်းခွင့်ရှိရမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေကြမ်းတင်သွင်းခွင့်နှင့်စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ သုံးငွေလျာထားချက်များကို လွှတ်တော်သို့ တင်သွင်းခြင်း၊ လွှတ်တော်က အဆုံးအဖြတ်ပေးခြင်းတို့နှင့် စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေလျာထားချက်"ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များက အတည်ပြုသော ဥပဒေကြမ်းများကို ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းနှင့်စပ်လျဉ်းပြီး–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသောဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက် မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်"

ဟုအသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ အနေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းပြောဆိုခွင့်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၉)အား အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့် များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၂၀)အား အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၂၁)အား အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လွှတ်တော်အစည်းအဝေးတက်ရောက်နေသည့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို ဥပဒေအရ မဖမ်းမဖြစ်၍ ချက်ချင်းဖမ်းဆီးရမည့်ကိစ္စမှာ သက်ဆိုင်ရာ လွှတ်တော်အကြီးအကဲ၏ ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ခြင်းအားဖြင့် လွှတ်တော်အစည်းအဝေးကို သိက္ခာရှိရှိ စည်းကမ်းတကျ ကျင်းပနိုင်မှာဖြစ်ပါကြောင်း။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်များအား ဥပဒေအရ ဖမ်းဆီးရန်အကြောင်း ပေါ်ပေါက်ခဲ့လျှင် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်စပ်လျဉ်းပြီး–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတက်ရောက် နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် အဖွဲ့၏ အကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦး အား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကဖြစ်စေ၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရဖြစ်စေ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်းပြီး–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်း ကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရ"

ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ရငွေသုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

မိမိတို့တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့အနေနှင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၃ရက်နေ့မှ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ စာတမ်းပြုစုရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးပြီး သေသေချာချာ လေ့လာသုံးသပ်ကာ–

- ပြည်ထောင်စုလွှတ်တော်အပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်သည့် အချက်(၂၈)ချက်၊
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်သည့် အချက်(၁၉)ချက်နှင့်
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်သည့် အချက်(၂၃)ချက်တို့

စုပေါင်းပါဝင်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို အချင်းချင်းညှိနှိုင်းတိုင်ပင် စည်းလုံးညီညွတ်စွာဖြင့် ရေးသားတင်ပြခဲ့ကြပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့သည့် အချက်အလက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများ၊ တစ်နည်းအားဖြင့် ဆက်သွယ်မှုဆိုင်ရာ လုပ်ငန်းများအပိုင်း၌ အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်ရန် ကောင်းမွန်သင့်လျော်ကြောင်း လေ့လာတွေ့ရှိရသဖြင့် ထောက်ခံအပ်ပါကြောင်းနှင့် သီးခြားအကြံပြုချက်များ ထပ်မံဖြည့်စွက်တင်ပြရန် မရှိပါကြောင်း တင်ပြလိုပါကြောင်း။

မိမိတို့ တောင်သူလယ်သမားကိုယ်စားလှယ်များအနေနှင့် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တက်ရောက်လာကြသော ညီနောင်သားရင်း သွေးချင်းမောင်နှမများဖြစ်ကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့်အတူ စည်းလုံးချစ်ကြည်၊ နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်"ဆိုသည့် အမျိုးသားရေးတာဝန်တစ်ရပ်ကို အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်(၆)ရပ်နှင့်အညီ တက်ကြွကျေပွန်စွာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**